ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ရက်၊ စနေနေ့၊ (28-5-2005) (၄၆၀၉)

# မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ်(၃၀)ပြည့်မြောက်သည့် နှစ်ပတ်လည်အခါသမယ နှစ်နိုင်ငံအကြား သဝဏ်လွှာများ အပြန်အလှန်ပေးပို့

ရန်ကုန် မေ ၂၈

၂၀၀၅ခုနှစ် မေလ ၂၈ ရက်တွင်ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့၏ သံတမန်ဆက်သွယ်မှု နှစ်(၃၀)ပြည့်မြောက်သည့် နှစ်ပတ်လည်အခါသမယတွင် နှစ်နိုင်ငံ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများအကြား အောက်ဖော်ပြပါသဝဏ်လွှာများကို အပြန်အလှန် ပေးပို့ခဲ့ကြပါသည်-

## နှစ်ပေါင်း (၃၀)ကြာ ရင်းနှီးခင်မင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ကာလကြာမြင့်သည်နှင့်အမျှ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာ ရင်ဆိုင်ရမည့် စိန်ခေါ်မှုများအား လက်တွဲဖြေရှင်းသွားရန် ဆန္ဒပြု

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ထရန်ဒွတ်လွန်ထံသို့ ပေးပို့သည့်သဝဏ်လွှာ-**

**အဆွေတော်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်မှု နှစ်(၃၀)ပြည့်မြောက်သည့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ရက်မြတ်အခါသမယတွင် အဆွေတော်ထံသို့လည်းကောင်း၊ အဆွေတော်မှတစ်ဆင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူအပေါင်းထံသို့လည်းကောင်း လှိုက်လှဲစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။

အဆွေတော် သိရှိထားသည့်အတိုင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့သည် ၁၉၇၅ခုနှစ် သံတမန်ဆက်သွယ်မှု စတင်ခဲ့ပြီးနောက်ပိုင်း နှစ်နိုင်ငံအကြား မိတ်ဆွေရင်းချာ ချစ်ကြည်ရင်းနှီးမှုကို အစဉ်အလာမပျက် ထိန်းသိမ်းခဲ့ကြပါသည်။ ယင်းသို့ နှစ်ပေါင်း(၃၀)ကြာ ရင်းနှီးခင်မင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ နှစ်နိုင်ငံဆက်ဆံရေးအား ပိုမိုခိုင်မာ တိုးတက်စေခဲ့ပါသည်။

ယခုထောင်စုနှစ်သစ်အတွင်းတွင် ကျွန်ုပ်တို့နှစ်နိုင်ငံအနေဖြင့် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများစွာ ရှိနေပါသည်။ ထိုသို့ အတူတကွ ကြုံတွေ့ရင်ဆိုင်ရမည့် စိန်ခေါ်မှုများအား အချင်းချင်း နားလည်မှု၊ ယုံကြည်စိတ်ချမှုနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုစိတ်ထားဖြင့် နှစ်နိုင်ငံချင်းဖြစ်စေ၊ နိုင်ငံအများနှင့်စုပေါင်း၍ဖြစ်စေ လက်တွဲဖြေရှင်း ဆောင်ရွက်သွားရန် ကျွန်ုပ်တို့ အလေးအနက် ဆန္ဒပြုပါသည်။ ကျွန်ုပ်တို့ နှစ်နိုင်ငံအတွက်သာမက ဒေသတစ်ခုလုံး၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို နှစ်နိုင်ငံ ပူးပေါင်းအားထုတ်မှုက အထောက်အကူဖြစ်စေလိမ့်မည်ဟု ကျွန်ုပ် အပြည့်အဝယုံကြည်ပါသည်။

ဤအခါသမယတွင် အဆွေတော် ကျန်းမာစေရန်နှင့် အောင်မြင်စေရန်အတွက် လည်းကောင်း၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ပြည်သူအပေါင်း တိုးတက်သာယာဝပြောစေရန်အတွက် လည်းကောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

## အထူးကောင်းမွန်သည့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုမြင့်တင် နှစ်နိုင်ငံပြည်သူများ အကျိုးစီးပွားနှင့် ငြိမ်းချမ်းတည်ငြိမ် သာယာဝပြောရေးအတွက် များစွာအကျိုးပြုမည်ဟု ယုံကြည်

**ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံသမ္မတ မစ္စတာ ထရန်ဒွတ်လွန်ထံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ပေးပို့သည့်သဝဏ်လွှာ-**

**အဆွေတော်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ သံတမန် အဆက်အသွယ်ထူထောင်မှု နှစ်(၃၀)ပြည့်အထိမ်းအမှတ် အခါသမယတွင် ဗီယက်နမ်အစိုးရအနေဖြင့် လည်းကောင်း၊ ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း အဆွေတော်ထံသို့ ဝမ်းမြောက်ဂုဏ်ယူစွာ နှုတ်ခွန်းဆက်သလိုက်ပါသည်။

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား အစဉ်အလာအရ တည်ရှိခဲ့သည့် ဆက်ဆံရေးနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများသည် လွန်ခဲ့သည့် နှစ်(၃၀)ကာလအတွင်းတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး နှစ်နိုင်ငံချင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုများဖြင့် နှစ်နိုင်ငံချစ်ကြည်မှု ပိုမိုခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် များစွာ ဝမ်းမြောက်မိပါသည်။

နှစ်နိုင်ငံအကြား အထူးကောင်းမွန်သည့် နှစ်နိုင်ငံဆက်ဆံရေးကို အနာဂတ်ကာလတွင် ပိုမိုမြှင့်တင်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများ အကျိုးစီးပွားအတွက်လည်းကောင်း၊ အရှေ့တောင်အာရှ ဒေသတွင်းနှင့် ကမ္ဘာနှင့်အဝန်း ငြိမ်းချမ်းတည်ငြိမ်၊ သာယာဝပြောရေးအတွက်လည်းကောင်း များစွာ အကျိုးပြုနိုင်လိမ့်မည်ဟု မိမိအနေနှင့် ခိုင်မာစွာယုံကြည်ပါသည်။

အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေရန် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါသည်။

**ကျောဖုံးသို့** ✳

**ကျောဖုံးသို့** ✳

**ကျင်းပ**

**အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိ အဖွဲ့ဝင်များ ညှိနှိုင်း အစည်းအဝေးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေး ခန်းမ၌ ကျင်းပစဉ်။**

(သတင်းစဉ်)

## အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၂၇

**အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ယင်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်ဖြစ်သော ဦးလော်ဆင်ကွမ်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အလှည့်ကျ သဘာပတိအဖွဲ့ဝင်များနှင့် လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❀

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror

၂၈-၅-၂၀၀၅
(စနေနေ့)

# အမျိုးသားနိုင်ငံရေး လက်ဆင့်ကမ်းအသိပညာပေး လူငယ်များ စိတ်ဓာတ်နှင့် စာရိတ္တမြင့်မားအောင် စွမ်းဆောင်

မျက်မှောက်ကာလတွင် နိုင်ငံတကာ၌ သိပ္ပံနှင့်နည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည်။ ကမ္ဘာ့နိုင်ငံများအကြား ဆက်စပ်ယှက်နွှယ် ပြောင်းလဲမှုများလည်း ဖြစ်ထွန်းနေသည်။ ယင်းသို့ ကမ္ဘာ့နိုင်ငံများ ဆက်စပ်ယှက်နွှယ် ပြောင်းလဲလာမှုနှင့်အတူ ကမ္ဘာ့နိုင်ငံကြီးအချို့က ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် နိုင်ငံရေးကွန်ရက် ဖြန့်ကြက်နိုင်ရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းနေကြသည်။

အဆိုပါနိုင်ငံကြီးများက ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူငယ်များအပေါ် ယဉ်ကျေးမှုလွှမ်းမိုးသည့်နည်းဖြင့် ထိုးဖောက်လာနေကြသည်။ အထူးသဖြင့် ယင်းနိုင်ငံကြီးများ၏ တေးဂီတ၊ အဆို၊ အက၊ လူနေမှုဓလေ့စရိုက်၊ အတွေးအခေါ်၊ အယူအဆများကို သွတ်သွင်းလာလေ့ရှိကြောင်း တွေ့မြင်နေရသည်။

နိုင်ငံသူ၊ နိုင်ငံသားများ အထူးသဖြင့် လူငယ်လူရွယ်များအနေဖြင့် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ပတ်ဝန်းကျင် ဓလေ့စရိုက်နှင့် မကိုက်ညီသည့် တိုင်းတစ်ပါးယဉ်ကျေးမှုများကို အတုယူမမှားမိစေရန် သတိပြုကြရမည်ဖြစ်သည်။ တိုင်းတစ်ပါး ယဉ်ကျေးမှုဓလေ့စရိုက် အမူအကျင့်များ မိမိတို့လူငယ်ထုအတွင်း စိမ့်ဝင်ပျံ့နှံ့မှုမရှိစေရေးအတွက် ကာကွယ်တားဆီးကြရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံနှင့်လူမျိုး ဂုဏ်သိက္ခာ ထာဝရမြင့်မားနေစေရန် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးလျက်ရှိသည်။ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေး အစီအမံများကို ချမှတ်ဆောင်ရွက်နေသည်။

မျိုးဆက်သစ်လူငယ်များအား စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ အမျိုးသားရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေသည့် ပြည်သူများအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများသည် နိုင်ငံတော်က ဦးတည်လျှောက်လှမ်းနေသည့် အမျိုးသားနိုင်ငံရေး လမ်းကြောင်းပေါ်တွင် အရေးပါသောအခန်းကဏ္ဍက ပါဝင်လျက်ရှိရာ ပြည်သူများနှင့် မျိုးဆက်သစ်လူငယ်များ၏ အသက်အုပ်စုအလိုက် ရွေ့လျားလှုပ်ရှားတိုးတက်နေမှုအပေါ်အခြေခံပြီး အမျိုးသားနိုင်ငံရေးအသိပညာများကို လက်ဆင့်ကမ်းပေးနေကြောင်း တွေ့ရသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရည်မှန်းချက်လုပ်ငန်းစဉ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ဖွင့်လှစ်အသိပညာပေးလျက်ရှိရာ မေလ ၂၄ ရက်နေ့အထိ စာကြည့်တိုက်ပေါင်း ၁၇၅၇၈ တိုက် ဖွင့်လှစ်ပြီးကြောင်း သိရသည်။

လူမှုရေးအသင်းအဖွဲ့များကလည်း လူမှုရေးဆိုင်ရာသင်တန်းများ၊ ယဉ်ကျေးမှုသင်တန်းများဖွင့်လှစ်၍ လူငယ်လူရွယ်များ၏ စာရိတ္တမြင့်မားစေရေး ကြိုးပမ်းလျက်ရှိသည်။ အမျိုးသမီးရေးရာကဏ္ဍတွင် ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲများ၊ ပြပွဲများ၊ ဟောပြောပွဲများ စီစဉ်ကျင်းပ အသိပညာပေးလျက်ရှိသည်။

ထို့အပြင် အခြေခံပညာကျောင်းများတွင် ဘက်စုံပညာရေးစနစ်အရ ယဉ်ကျေးမှု၊ အနုပညာဆိုင်ရာလှုပ်ရှားမှုများကို စဉ်ဆက်မပြတ် သင်ကြားပို့ချပေးနေပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်က မျိုးဆက်သစ်လူငယ်များအား စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း ဖြစ်ထွန်းလာစေရန် အဘက်ဘက်က စီမံဆောင်ရွက်ပေးမှုများနှင့်အတူ နိုင်ငံသူ၊ နိုင်ငံသား မျိုးဆက်သစ် လူငယ်များအနေဖြင့် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ရင်း တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားအောင် ကြိုးပမ်းစွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# လမ်း၊ တံတား၊ အဆောက်အအုံများ တည်ဆောက်ရာတွင် ပစ္စည်းများ အလေအလွင့်မရှိအောင် စနစ်တကျသုံးစွဲ

ရန်ကုန် မေ ၂၇

**ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒုတိယနေ့အဖြစ် ယမန်နေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမဆောင်၌ ဆက်လက်ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်ဇော်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ ဆောက်လုပ်မှုစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ ဌာနအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ လမ်း၊ တံတား၊ အဆောက်အအုံနှင့် လေယာဉ်ကွင်းစီမံကိန်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ အင်ဂျင်နီယာမှူးများနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။**

### ရှင်းလင်းတင်ပြ

အစီအစဉ်အရ ဧရာဝတီတံတား (ရတနာပုံ)၊ တွံတေးတံတား၊ ဥရုတံတား၊ ရွှေလီ(နမ့်ခမ်း)တံတား၊ ဖျာပုံတံတား၊ ပမ္မဝတီတံတား (မြင်းကဆိပ်)၊ ငါးအိုး-မဘိမ်းလမ်းနှင့် သဏ္ဍယ်ကျင်း-ဖောင်းပြင် - ဟုမ္မလင်း - ခန္တီးလမ်း စီမံကိန်းများမှ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာများက မိမိတို့ လုပ်ကိုင်ဆောင်ရွက်ရသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဆောက်လုပ်မှုစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းတို့က လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

### မှာကြား

ယင်းနောက်ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးတင့်ဆွေက စီမံကိန်းလုပ်ငန်းများတွင် ရန်ပုံငွေသုံးစွဲမှု၊ စက်ယန္တရားများနှင့် တည်ဆောက်ရေးပစ္စည်းများ သုံးစွဲခြင်းများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မိုးတွင်းကာလ၌ လမ်းများ မပျက်စီးအောင် လမ်းဘေး ဝဲ/ယာ၌ ရေနုတ်မြောင်းများဖောက်၍ ရေစီးရေလာကောင်းအောင် ဆောင်ရွက်ထားရန်၊ လမ်းမိုင်များကို စနစ်တကျ သတ်မှတ်ပြီး မြေပုံနှင့်မိုင်တိုင်များ မှန်ကန်အောင် ဆောင်ရွက်ထားရန်၊ လမ်းမကြီးများဥပဒေနှင့်အညီ လမ်းများ မပျက်စီးစေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က မျက်ခြည်မပြတ် စစ်ဆေး၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ကြရန်၊ လမ်း၊ တံတား၊ အဆောက်အအုံများ တည်ဆောက် ဆောင်ရွက်ရာတွင် ပစ္စည်းများ အလေအလွင့်မရှိအောင် ပစ္စည်းအမျိုးအစား မှန်ကန်အောင် စနစ်တကျသုံးစွဲခြင်း၊ ထိန်းသိမ်းခြင်းနှင့် စာရင်းဇယားမှတ်တမ်းများ စနစ်တကျ ထားရှိဆောင်ရွက်ရန်၊ ရန်ပုံငွေသုံးစွဲမှုအပိုင်းတွင်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေအလွင့်မရှိအောင် စိစစ်သုံးစွဲရန်နှင့် ဆောက်လုပ်မှုစစ်ဆေးရေးဦးစီးဌာန၏ စစ်ဆေးချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် စသည်ဖြင့် အကျယ်တဝင့် မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နံနက် ၁၁နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

### ဆုဖလားအပ်နှံ

**မေ ၂၆ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ထံ မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်း အားကစားပြိုင်ပွဲ၌ လေးနှစ်ဆက်တိုက် တံခွန်စိုက်ဆုဖလားရရှိသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းက တံခွန်စိုက် ဆုဖလားအပ်နှံစဉ်။**

(ကြေးမုံ)

### ဆေး၊ ဆေးပစ္စည်းနှင့် အလှူငွေများလှူဒါန်း

**ရန်ကုန် မေ ၂၇**

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် ဆေး၊ ဆေးပစ္စည်းနှင့် အလှူငွေများ လှူဒါန်းပွဲကို မေ ၂၅ရက် ညနေပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ညော့ခန်းမ၌ ကျင်းပရာ အဆိုပါ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေး၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်တင်နှင့်အဖွဲ့ဝင်များက ငွေကျပ်ရှစ်သိန်းခန့်တန်ဖိုးရှိ ဆေး၊ ဆေးပစ္စည်းနှင့် အလှူငွေများကို ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာနှင့် တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

### မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၈-၅-၂၀၀၅ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| **၇:၀၀** | ၁။ | မြဝတီအဖွင့် |
| **၇:၀၅** | ၂။ | အဖွင့်သီချင်း |
| **၇:၁၀** | ၃။ | မျိုးချစ်တပ်မတော် |
| **၇:၂၀** | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| **၇:၃၀** | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| **၇:၄၀** | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| **၇:၅၅** | ၇။ | ဖွံ့ဖြိုးသာယာ ပြည်မြန်မာ |
| **၈:၀၀** | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| **၈:၁၀** | ၉။ | **ဆရာတော်ဦးဃောသိတ တရားတော် -သုညတဆိုက်အောင်ရှုပါ** |
| **၉:၁၀** | ၁၀။ | အပိတ်နှုတ်ဆက်စကား |
| **၉:၁၁** | ၁၁။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| **၄:၀၀** | ၁။ | မြဝတီအဖွင့် |
| **၄:၀၅** | ၂။ | အဖွင့်သီချင်း |
| **၄:၁၀** | ၃။ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| **၄:၃၀** | ၄။ | မြန်မာသံစဉ်ချိုနားဝင် |
| **၄:၄၅** | ၅။ | မျိုးချစ်တပ်မတော် |
| **၅:၀၀** | ၆။ | **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -Solar Energy and Temperature (ဒုတိယနှစ်-ပထဝီဝင်အထူးပြု)** |
| **၅:၃၀** | ၇။ | ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| **၅:၄၀** | ၈။ | ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ |
| **၅:၅၀** | ၉။ | သာယာသီကြွေးခေတ်ဆန်းတေး |
| **၆:၀၀** | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| **၆:၁၀** | ၁၁။ | နိုင်ငံတကာသတင်း |
| **၆:၂၀** | ၁၂။ | မိုးလေဝသသတင်း |
| **၆:၂၅** | ၁၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၆:၄၀** | ၁၄။ | လှျပ်တစ်ပြက်ရိုက်ချက် |
| **၇:၀၀** | ၁၅။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "၂၄ နာရီ" (အပိုင်း-၅)** |
| **၈:၀၀** | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၉။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး" (အပိုင်း-၂၇)** |
| | ၂၀။ | သင့်အတွက်မနက်ဖြန် |
| | ၂၁။ | အပိတ်နှုတ်ဆက်စကား |
| | ၂၂။ | ပြီးပါပြီ။ |

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ယဉ်ကျေးလိမ္မာမျိုးမြန်မာစာအုပ်များလှူဒါန်း ဗုံးပေါက်ကွဲမှုကြောင့် ဆေးကုသခံနေသည့်လူနာများအတွက် ငွေလှူဒါန်းပွဲကျင်းပ

ရန်ကုန် မေ ၂၇

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ယဉ်ကျေးလိမ္မာမျိုးမြန်မာ စာအုပ်များလှူဒါန်းပွဲနှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကများက မေ ၇ရက်တွင် ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံများ၌ ဆေးကုသမှုခံယူနေသော လူနာများအတွက် ငွေလှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး ဧည့်ခန်းမ၌ ကျင်းပသည်။**

### တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက် အထွေထွေအတွင်းရေးမှူးနှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ယဉ်ကျေးလိမ္မာမျိုးမြန်မာ စာအုပ်များကို ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များသို့ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ ယဉ်ကျေးလိမ္မာမျိုးမြန်မာ စာအုပ်များသည် ယဉ်ကျေးမှု ထိန်းသိမ်းရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သော လိုက်နာဖွယ်ရာများ၊ ဆောင်ရန်ရှောင်ရန်များကို သုတေသီများ၊ ပညာရှင်များက ပြုစု စုစည်းထုတ်ဝေထားသည့် စာအုပ်များဖြစ်ကြောင်း၊ အထူးတန်ဖိုးရှိသော စာအုပ်များဖြစ်သဖြင့် သေချာစွာထိန်းသိမ်း၍ ယဉ်ကျေးမှုအမွေများကို ဖြန့်ဝေပေးကြစေလိုကြောင်း၊ ဤစာအုပ်များကို ဖတ်ရှုခြင်းအားဖြင့် ယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများရရှိနိုင်မည်ဖြစ်၍ ယခုကဲ့သို့ လှူဒါန်းရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

### စာအုပ်များလှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ယဉ်ကျေးလိမ္မာ မျိုးမြန်မာစာအုပ်များကို ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများအား ပေးအပ်လှူဒါန်းသည်။

### အလှူငွေပေးအပ်

ထို့နောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများက မေ ၇ရက်တွင် ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံများ၌ ဆေးကုသမှုခံယူနေသော လူနာများအတွက် အလှူငွေကျပ် ၁၄သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

### ပေးအပ်လှူဒါန်း

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ယဉ်ကျေးလိမ္မာ မျိုးမြန်မာစာအုပ်များကို ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများအား ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများက ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံများတွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် အလှူငွေကျပ် ၁၄သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က လက်ခံယူစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဆေးရုံများသို့ အလှူငွေ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးအဖွဲ့များသည် မသမာသူအဖျက်သမား၏ ရက်စက်ယုတ်မာမှုကြောင့် ဗုံးပေါက်ကွဲရာတွင် ဒဏ်ရာရရှိကြသော လူနာများအား ယနေ့မွန်းလွဲပိုင်းတွင် အုပ်စုလေးစုခွဲ၍ သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ပြည်နယ်/တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက၊ ပြည်နယ်/တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများမှ ပေးအပ်လှူဒါန်းသော အလှူငွေကို ပေးအပ်လှူဒါန်းသည်။

ယင်းသို့ပေးလှူရာတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆေးဝါးပစ္စည်းများအတွက် လှူဒါန်းငွေ ကျပ်လေးသိန်း၊ ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးသို့ အလှူငွေကျပ်နှစ်သိန်း၊ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး(မြောက်ဥက္ကလာပ)သို့ အလှူငွေကျပ်နှစ်သိန်း၊ အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ အလှူငွေကျပ်နှစ်သိန်းနှင့် လူနာ ၄၀အတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းလှူဒါန်းခဲ့သည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးသို့ လှူဒါန်းငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူးကျင်းပသော ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးအခမ်းအနားများကျင်းပ

ရန်ကုန် မေ ၂၇

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး အခမ်းအနားများကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် သီရိဇေယျအနော်ရထာခန်းမ၌ လည်းကောင်း၊ နံနက် ၁၀နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း အသီးသီးကျင်းပကြသည်။**

အခမ်းအနားများသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ကျင်ခိုင်၊ ပညာရေး လုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် တွဲဖက်ပါမောက္ခဒေါ်မင်းသက်မွန်နှင့် တာဝန်ရှိသူများ၊ အမှတ်(၃)အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများ၊ ရန်ကုန်တိုင်း/ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများ၊ ကျောင်းသား မိဘများနှင့် ကျောင်းသူများ တက်ရောက်ကြသည်။

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံရေး အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးက ကျောင်းသူကလေးများအား စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများပေးအပ်စဉ်။** (တယက)

ရန်ကုန်တောင်ပိုင်းခရိုင် ကျောင်းအပ်နှံရေးအခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ပညာရေးအဖွဲ့ခေါင်းဆောင် ဒေါ်မြင့်မြင့်စိန်က ခရိုင်အတွင်းရှိ ကျောင်းနေရန် အခက်အခဲဖြစ်နေသော ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရန် စီစဉ်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် တွဲဖက်ပါမောက္ခ ဒေါ်မင်းသက်မွန်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးစီး၍ ရန်ကုန်တိုင်း/ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ ပူးပေါင်းလျက် ရန်ကုန်တိုင်းအတွင်း ကျောင်းနေရန် အခက်အခဲရှိနေသူ ကျောင်းသူကလေးများအား ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းပြောကြား

အလားတူပင် ရန်ကုန်အရှေ့ပိုင်းခရိုင် ကျောင်းအပ်နှံရေးအခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာသိန်းက ခရိုင်အတွင်း ကျောင်းနေရန်အခက်အခဲဖြစ်နေသော ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ပါမောက္ခဒေါက်တာဒေါ်နော်မူမူအေးက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကဦးစီး၍ ရန်ကုန် တိုင်း/ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များနှင့် ပူးပေါင်းလျက် ရန်ကုန်တိုင်းအတွင်း ကျောင်းအပ်နှံရန် အခက်အခဲရှိနေသော ကျောင်းသူကလေးများအား ကျောင်းအပ်နှံရေး အခမ်းအနားများကို ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ပေးအပ်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး၊

**စာမျက်နှာ ၇ ကော်လံ ၆ သို့ ➪**

# အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးကိစ္စ ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးနှင့် ကုလအထူးသံ ဆွေးနွေး

ပါရီ မေ ၂၆

**အီရတ်နိုင်ငံတွင် အားလုံးခြုံငုံပါဝင်သည့် နိုင်ငံရေးစွမ်းအားများ ပိုမိုရရှိရန်လိုအပ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ်ဘန်နီယာက အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် အက်ဘရက်ကာဇီနှင့် ပါရီမြို့တွင် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားလိုက်သည်။**

အားလုံးခြုံငုံပါဝင်သည့် နိုင်ငံရေးစွမ်းအားများ အီရတ်နိုင်ငံတွင် ထူထောင်နိုင်ရန်ပြင်သစ် အစိုးရက မြင်လိုတွေ့လိုကြောင်း၊ အထူးသဖြင့် ပါလီမန်တွင်ဖြစ်ပြီး ကုလသမဂ္ဂ ဆုံးဖြတ်ချက် အမှတ် ၁၅၄၆ နှင့် ကိုက်ညီရန်လိုအပ်ကြောင်း ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး စီစီလီပေါ့ဗိုဒီဘောရိုက သတင်းထောက်များအား ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

**ကြီးမှူးကျင်းပ**

ဘန်နီယာနှင့် ကာဇီက ဘရပ်ဆယ်မြို့၌ ဇွန် ၂၂ရက်တွင် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂက ပူးတွဲကြီးမှူးကျင်းပမည့် အီရတ်ဆိုင်ရာ နိုင်ငံတကာညီလာခံကိစ္စကိုလည်း ဆွေးနွေးခဲ့ကြသည်ဟု ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။

အဆိုပါ ညီလာခံသည် အီရတ် အာဏာပိုင်အသစ်များအား နိုင်ငံတကာအသိုက်အဝန်းက ထောက်ခံအတည်ပြုရေး ရည်ရွယ်ကာ ကျင်းပမည်ဖြစ်သည်။

**ဆွေးနွေး**

အီရတ် ဒုတိယဝန်ကြီးချုပ် အာမက် ချာလာဘီနှင့် ရှီးယိုက်ခေါင်းဆောင် မော့တာဒါဆာဒါးတစ်ဦးသည် အီရတ် အခြေခံဥပဒေရေးဆွဲရာတွင် ဆွန်နီတို့ ပါဝင်နိုင်ရေးအတွက် လိုအပ်ပုံကိုလည်း အင်္ဂါနေ့က ဆွေးနွေးကြသည်။

**ရွေးချယ်**

အီရတ် အခြေခံဥပဒေ ရေးဆွဲရေးအား ကြီးကြပ်ကွပ်ကဲသည့် ပါလီမန်ကော်မရှင်က ရှီးယိုက်တစ်ဦးဖြစ်သူ ဟူမမ်ဟာမူဒီအား အကြီးအကဲအဖြစ် အင်္ဂါနေ့က ရွေးချယ်လိုက်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အီရတ် ကုန်သွယ်ရေးဌာနမှ အထက်တန်းအရာရှိတစ်ဦး ဘဂ္ဂဒက်တွင် အသတ်ခံရ

**ဘဂ္ဂဒက် မေ ၂၃**

အီရတ် ကုန်သွယ်ရေးဝန်ကြီးဌာနမှ အထက်တန်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးသည် လုပ်ငန်းခွင်သို့အသွား ဘဂ္ဂဒက်မြို့တော်တွင် တနင်္လာနေ့ နံနက်က ပစ်သတ်ခံခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ အထက်တန်းအရာရှိသည် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် မူဆာဆာလ်မန်ဖြစ်ပြီး ဘဂ္ဂဒက်မြို့လယ်သို့ အလုပ်ဆင်းရန် မော်တော်ယာဉ်ဖြင့် သွားရောက်စဉ် မည်သူမည်ဝါမှန်းမသိရသော လက်နက်ကိုင်များက မော်တော်ယာဉ်ပေါ်မှ ပစ်ခတ်သွားကြခြင်း ဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုကြောင့် မူဆာဆာလ်မန်၏ မော်တော်ယာဉ်မောင်း သေဆုံးပြီး အခြားလူလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ထပ်လောင်းပြောကြားသည်။

ရှီးယိုက်တို့ လွှမ်းမိုးသည့် အီရတ်အစိုးရ ဖွဲ့စည်းကြောင်းကြေညာခဲ့သည့်နောက် ပြောက်ကျားများက တာဝန်ရှိပုဂ္ဂိုလ်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုးမြှင့်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ လူ ၅၀၀ ကျော် သေဆုံးခဲ့ရပြီဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

မေ ၂၆ ရက်က ဘဂ္ဂဒက်မြို့အရှေ့ပိုင်းတွင် အမေရိကန်စစ်ဘက်ယာဉ်တန်း ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ပြန်ပေးဆွဲခံရသည့် အီတလီအမျိုးသမီးသေဆုံးသည်ဆိုမှု အခြေအမြစ်မရှိကြောင်း အာဖဂန်နစ္စတန်အစိုးရ ပြောကြား

ကဘူး မေ ၂၅

**အီတလီနိုင်ငံသူ အကူအညီပေးလုပ်သားဖြစ်သူ ကလီမင်တီနာကန်တုန်နီ သေဆုံးသည့်သတင်းသည် အခြေအမြစ်မရှိကြောင်း အာဖဂန်နစ္စတန်အစိုးရက တနင်္လာနေ့တွင် ပြောကြားပြီး ပယ်ချလိုက်သည်။**

ကလီမင်တီနာ ကန်တုန်နီသည် အသက်ထင်ရှားရှိနေသည်ဟု မိမိ အသေအချာ ပြောကြားလိုကြောင်း၊ အာဖဂန်နစ္စတန်အစိုးရအနေဖြင့် ၎င်းအမြန်ဆုံး လွတ်မြောက်စေရေးအတွက် အတတ်နိုင်ဆုံး ကြိုးပမ်းလျက်ရှိပြီး ၎င်း၏မိသားစု မိတ်ဆွေသင်္ဂဟများနှင့် အမြန်ဆက်သွယ် ပေါင်းဆုံနိုင်ရန် လမ်းပွင့်သွားပြီဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လတ်ဖူလာမာရှယ်က ကဘူးမြို့တော်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

လက်နက်ကိုင်လေးဦးက အသက် ၃၂ နှစ်ရှိ ကန်တုန်နီအား ကဘူးမြို့တွင် တနင်္လာနေ့ ည ၈နာရီက ပြန်ပေးဆွဲသွားခဲ့သည်။ ကန်တုန်နီသည် ကဲယားနိုင်ငံတကာ လူမှုဝန်ထမ်းဌာနတွင် အလုပ် လုပ်ကိုင်နေသူဖြစ်သည်။

အာဖဂန်နစ္စတန် အစိုးရသည် အီတလီသံရုံးနှင့် နေတိုးဦးဆောင်သည့် နိုင်ငံတကာလုံခြုံရေး အကူအညီပေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)တို့ နှင့် ပူးပေါင်းကာ ကန်တုန်နီ ဘေးမသီရန်မခ လွတ်မြောက်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

အီတလီအစိုးရက ပြန်ပေးသမားများ၏ တောင်းဆိုချက်အား ငြင်းဆန်ပယ်ချခဲ့ပြီးနောက် ကန်တုန်နီအား သတ်ပစ်လိုက်သည်ဟု ပြန်ပေးသမားတစ်ဦးဖြစ်သူ တီမူရှားက မီဒီယာသတင်းဌာနအသိုက်အဝန်းနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

တီမူရှား၏ ပြောကြားချက်အရ ပြန်ပေးသမားများ၏ တောင်းဆိုချက်များမှာ အရက်သေစာ ပိတ်ပင်ရေး၊ ဘာသာရေးကျောင်းများ အခြေအနေမြှင့်တင်စေရေးနှင့် ရုပ်မြင်သံကြားနှင့် ရေဒီယိုမှ ရန့်ရင်းကြမ်းတမ်းသည့် အစီအစဉ်များ ပိတ်ပင်ရေးတို့ဖြစ်သည်။

**ဘေးကင်းရန်ကင်း**

မိမိတို့သည် ပြန်ပေးသမားများနှင့် စဉ်ဆက်မပြတ် အဆက်အသွယ်ရှိနေကြောင်း၊ အားလုံးသောဆက်သွယ်မှုမှတ်တမ်းများရှိပြီး ကန်တုန်နီ ဘေးကင်းရန်ကင်း အသက်ရှင်လျက် ရှိနေသည်မှာ သေချာကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အာရှတိုက် သင်္ဘောတည်ဆောက်ရေးလုပ်ငန်း လျင်မြန်သောနှုန်းဖြင့် တိုးတက်လာ

**ရှန်ဟိုင်း မေ ၂၅**

အာရှတိုက်သည် ကမ္ဘာတွင် သင်္ဘောတည်ဆောက်ရေးလုပ်ငန်း၌ လျင်မြန်သောနှုန်းဖြင့် တိုးတက်လာကြောင်း၊ သင်္ဘောတည်ဆောက်ရေးတိုးတက်မှုတွင် တရုတ်နိုင်ငံက ရှေ့တန်းမှပါဝင်နေကြောင်း ရှန်ဟိုင်း၌ မေ ၂၄ ရက်တွင် ကျင်းပခဲ့သော ကမ္ဘာ့ဆိပ်ကမ်းမြို့များ ကွန်ဖရင့်၌ တရုတ်နိုင်ငံမှ တာဝန်ရှိကိုယ်စားလှယ်တစ်ဦးက ပြောကြားခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် ကုန်သွယ်ရေးများ တိုးတက်လာမှုကြောင့် သင်္ဘောတည်ဆောက်ရေးလုပ်ငန်းမှာလည်း တိုးတက်လာခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ သင်္ဘောတည်ဆောက်ရေးကုမ္ပဏီ ကော့စ်ကို၏ဥက္ကဋ္ဌ ဝေကျားဖူက ဆိုသည်။

လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကာလက အာရှတိုက်သည် ကုန်ကြမ်းပစ္စည်းများကိုသာ တင်ပို့ရာဒေသဖြစ်သည်ဟု မှတ်ယူခဲ့ကြရာမှ ယခုအချိန်တွင် စက်မှုထုတ်ကုန်ပစ္စည်းများကို ကမ္ဘာ့နိုင်ငံများသို့ တင်ပို့လာနိုင်ပြီဖြစ်သည်။ ထို့မျှမက စက်မှုလုပ်ငန်းများအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများကိုပင် အခြားကမ္ဘာ့နိုင်ငံများမှ ပြန်လည်မှာယူတင်သွင်းနေရသော အခြေအနေသို့ ရောက်နေသည်ဟု ဝေက ပြောကြားသည်။

ကမ္ဘာ့ကုန်သွယ်ရေးကဏ္ဍတွင်လည်း အာရှတိုက်သည် လျင်မြန်စွာ တိုးတက်မှုရှိနေပြီဖြစ်သည်။ ယင်းသို့တိုးတက်လာသည့်နေရာတွင် သင်္ဘောတည်ဆောက်ရေးကဏ္ဍသည် တိုးတက်နှုန်း အမြန်ဆုံးဖြစ်ကြောင်း၊ ကမ္ဘာ့သင်္ဘောတည်ဆောက်ရေးတွင် အာရှတိုက်သည် ယခုအခါ အရေးပါသော ကဏ္ဍမှ ပါဝင်လာပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံပြည်မနှင့် ဟောင်ကောင်ရှိ ဆိပ်ကမ်းများတွင် ကုန်သေတ္တာယူနစ်ပေါင်း တီအီးယူ ၈၃ဒသမ ၇ သန်းကို ဝန်ဆောင်ပေးခဲ့သည်။

ထိုပမာဏသည် ကမ္ဘာ့ကုန်သေတ္တာ သယ်ယူပို့ဆောင်ရေး စုစုပေါင်းပမာဏ၏ လေးပုံတစ်ပုံမျှရှိသည်ဟု သိရှိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**အီရတ်နိုင်ငံတွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသူတစ်ဦးအား တီကရစ်မြို့ဆေးရုံ၌ ဆေးဝါးကုသပေးနေသည်ကို မေ ၂၄ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ရိုမေးနီးယား သတင်းစာဆရာသုံးဦး အီရတ်မှ လွတ်မြောက်လာ

**ပါရီ မေ ၂၆**

ရိုမေးနီးယားနိုင်ငံသား သတင်းစာဆရာသုံးဦး လွတ်မြောက်မှုနှင့်ပတ်သက်၍ ပြင်သစ်သမ္မတ ဂျက်ရှီရက်က ရိုမေးနီးယားသမ္မတ ထရိုင်ယန်ဘာဆက်စ်ကြုအား တနင်္လာနေ့က တယ်လီဖုန်းဖြင့်ဆက်သွယ်ကာ ဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး ယင်းသတင်းကြောင့် ပျောက်ဆုံးလျက်ရှိသည့် ပြင်သစ်သတင်းစာဆရာ လွတ်မြောက်ရေးအတွက် မျှော်လင့်ချက်အသစ်ရှိနေကြောင်း ထပ်လောင်းပြောကြားသည်ဟု သမ္မတရုံးမှကြေညာချက်တွင် ဖော်ပြထားသည်။

ပရိုင်မာရုပ်မြင်သံကြားဌာနမှ သတင်းစာဆရာ မာရီ-ဂျင်နီအိုင်ယွန်၊ ဆိုရင် မစ္စကိုစီနှင့် ရိုမေးနီးယားလိုက်ဘရာ သတင်းစာမှ သတင်းထောက် အက်ဒွပ်အိုဟန်နီရှင်တို့အား အီရတ်နိုင်ငံတွင် လွှတ်ပေးပြီးနောက် ဘူခါရက်မြို့တော်သို့ တနင်္လာနေ့က ပြန်ရောက်လာကြသည်။

ပြင်သစ်သတင်းစာ လိုက်ဘရေးရှင်းမှ သတင်းထောက် ဖလောရင့်ယူဘီနပ်စ်နှင့် ၎င်း၏စကားပြန် အီရတ်နိုင်ငံသား အယ်လ်-ဆက်ဒီတို့သည် ဘဂ္ဂဒက်ဟိုတယ်မှ ဇန်နဝါရီ ၅ ရက်ကထွက်ခွာခဲ့ပြီး ပျောက်ဆုံးလျက်ရှိသည်။ ရိုမေးနီးယားသတင်းစာဆရာများ လွတ်မြောက်မှုသည် ပြင်သစ်သတင်းထောက် လွတ်မြောက်ရေးအတွက် အလားအလာကောင်းသည့် လက္ခဏာတစ်ရပ်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ်ဘာနီယာက ပြောကြားသည်။

**ဆက်လက်ကြိုးပမ်း**

မိမိတို့ အလွန်တရာဝမ်းမြောက် ဝမ်းသာဖြစ်ရပါကြောင်း၊ ရိုမေးနီးယားသတင်းစာဆရာများ လွတ်မြောက်မှုရလဒ်ကြောင့် ဖလောရင့်ယူဘီနပ်စ်နှင့် အယ်လ်-ဆက်ဒီတို့ လွတ်မြောက်ရေးအတွက် မိမိတို့ ဆက်လက်ကြိုးပမ်းနိုင်မည်ဖြစ်ကြောင်း ဘာနီယာက ထပ်လောင်းပြောကြားသည်။

ရိုမေးနီးယားသတင်းစာဆရာများ လွတ်မြောက်မှုသည် ဖလောရင့်နှင့် အယ်လ်-ဆက်ဒီတို့အတွက် အပြုသဘောဆောင်သည့် ဖြစ်ထွန်းတိုးတက်မှုဖြစ်ကြောင်း၊ သို့ရာတွင် ဓားစာခံများအား ဖမ်းဆီးကြိုးကိုင်နေသူသည် မည်သူမည်ဝါမှန်းမသိရသေးသဖြင့် လွတ်မြောက်ရန်ခက်ခဲမည်ဟု လိုက်ဘရေးရှင်းသတင်းစာ တည်ထောင်သူ ဆာဂျီဂျူလိုင်က ပြောကြားသည်။

***အမ်အင်အေ၊အင်ဟွာ။***

| လာအိုလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းပေါ်သို့ ကုန်စည်များတင်ဆောင်နေသည်ကို ဗီယင်ကျန်းမြို့ လေဆိပ်တွင် မေ ၂၆ ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

# အမေရိကန်စစ်စခန်း ပြန်လည်ဖွင့်လှစ်ခွင့်ပေးရန် ဖိလစ်ပိုင်ငြင်းပယ်

မနီလာ မေ ၂၆

**ဖိလစ်ပိုင်နိုင်ငံတွင် အမေရိကန်စစ်စခန်း ပြန်လည်အခြေချဖွင့်လှစ်ရေးကိစ္စကို ဖိလစ်ပိုင်အစိုးရက အင်္ဂါနေ့တွင် ငြင်းပယ်ခဲ့သည်။**

အိုကီနာဝါတွင်ရှိသော အမေရိကန်စစ်စခန်း တစ်စိတ်တစ်ဒေသကို ဖိလစ်ပိုင်နိုင်ငံသို့ပြောင်းရွှေ့ရန်ဆောင်ရွက်မှုကို ငြင်းလိုက်ခြင်းဖြစ်သည်။ အမေရိကန်တပ်ဖွဲ့ဝင်များ အာရှတွင် လုံခြုံရေးဆိုင်ရာများ ဆောင်ရွက်ရေးအတွက် အင်အား ဖြည့်တင်းခြင်းကို ဖိလစ်ပိုင်နိုင်ငံက အားပေးသော်လည်း ၎င်းနိုင်ငံတွင် အမေရိကန် စစ်စခန်းလာရောက်အခြေစိုက်မှုကိုမူ ငြင်းပယ်ခဲ့သည်ဟု ဖိလစ်ပိုင်နိုင်ငံမှထုတ်ပြန်ချက်တစ်စောင်တွင် ရေးသားဖော်ပြခဲ့သည်ဟု ဖိလစ်ပိုင်နိုင်ငံခြားရေးဌာနက ပြောကြားသည်။

အမေရိကန်စစ်စခန်းများအိုကီနာဝါမှ အခြားနိုင်ငံသို့ ပြောင်းရွှေ့ရန်အတွက် အမေရိကန်နှင့် ဂျပန်နိုင်ငံတို့ ဆွေးနွေးမှုပြုလုပ်နေကြသည့်ကိစ္စကို ရည်ညွှန်း၍ ဖိလစ်ပိုင်က အဆိုပါ ထုတ်ပြန်ချက်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ယူဆနေကြကြောင်း သိရသည်။

အမေရိကန်၏ တပ်ဖွဲ့များကို တတိယနိုင်ငံတစ်နိုင်ငံတွင် ပြောင်းရွှေ့တပ်ချထားရေး အစီအစဉ်မှာ အမေရိကန်ကာကွယ်ရေးဌာန၏ ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ရေးအစီအမံ၏ အစိတ်အပိုင်းတစ်ခုမျှသာ ဖြစ်သည်ဟုဆိုသည်။

**ငြင်းဆို**

အမေရိကန်သံရုံးနှင့် အမေရိကန်နိုင်ငံခြားရေးဌာနမှ ဒုတိယဝန်ကြီးရော်ဘတ်ဇိုလစ်ခါသည် မနီလာသို့ ဧပြီလအစောပိုင်းတွင် ဒုတိယနိုင်ငံခြားရေးဝန်ကြီး လာရောက်လည်ပတ်သည့်ကိစ္စနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ဝေဖန်ပြောကြားရန် ငြင်းဆိုခဲ့သည်။

အမေရိကန်စစ်စခန်းများ ဖိလစ်ပိုင်နိုင်ငံတွင် ၉၃ နှစ်ကြာ တည်ရှိနေရာမှ ဖိလစ်ပိုင်နိုင်ငံ ဆီးနိတ်က ၁၉၉၁ ခုနှစ်တွင် အဆိုပါစာချုပ်ကို ပယ်ဖျက်ခဲ့သည့်အတွက် ကန်စစ်စခန်းများ တည်ရှိနေမှု အဆုံးသတ်ခဲ့ရသည်။

အမေရိကန်နိုင်ငံသည် အရှေ့တောင်အာရှဒေသဆိုင်ရာ လုံခြုံရေးဆောင်ရွက်ရာတွင် အင်အားဖြည့်တင်းခြင်းကို ဖိလစ်ပိုင်က လိုလားအားပေးကြောင်း၊ သို့သော် ၎င်းတို့နိုင်ငံတွင် ကန်စစ်စခန်းထားရှိမည့်ကိစ္စကို ငြင်းပယ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ၏ ထုတ်ပြန်ချက်တွင် ရေးသားဖော်ပြထားသည်။

**၁၀ နှစ်ကြာ**

ကမ္ဘာ့လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုကို ရင်ဆိုင်ရာတွင် အမေရိကန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ပူးပေါင်းကာကွယ်ဆောင်ရွက်လျက်ရှိကြသည်။ အထူးသဖြင့် ၁၀ နှစ်ကြာ ဖိလစ်ပိုင်နိုင်ငံ ကာကွယ်ရေး ပြုပြင်ပြောင်းလဲရေး (ပီဒီအာ) အစီအစဉ်တွင် နှစ်နိုင်ငံ ပူးတွဲဆောင်ရွက်ခဲ့ကြသည်။

ယင်းပီဒီအာအစီအစဉ်သည် အမေရိကန်နှင့် ဖိလစ်ပိုင် စစ်ရေးအရနီးကပ်စွာ မဟာမိတ်ပြုထားသော အစီအစဉ်ပင်ဖြစ်သည်။ ထို့အပြင် မျက်မှောက်ကာလ ခြိမ်းခြောက်မှု အန္တရာယ်ကို ရင်ဆိုင်နိုင်ရန် ဖိလစ်ပိုင် တပ်မတော်အတွက် အားဖြည့်ပေးမည့် အစီအစဉ်လည်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# ကြက်၊ ငှက် တုပ်ကွေးရောဂါ ကာကွယ်ဆေးနှစ်မျိုး တရုတ် သိပ္ပံပညာရှင်များ အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီ

ဟာဘင် မေ ၂၆

**ကြက်၊ငှက် တုပ်ကွေးရောဂါကိုဖြစ်စေသော ဗိုင်းရပ်စ်ပိုးဖြစ်သည့် အိပ်ချ် ၅ အင် ၁ ပိုးအမျိုးအစားက လူနှင့်ကြက်၊ငှက်များကို ဒုက္ခပေးနေမှုကို တရုတ်သိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်လိုက်သော ကာကွယ်ဆေးနှစ်မျိုးဖြင့် အပြည့်အဝအကာအကွယ်ပေးနိုင်ပြီဖြစ်ကြောင်း မေ ၂၅ ရက်ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်၌ ဖော်ပြထားသည်။**

ကမ္ဘာ့အခြားနိုင်ငံများရှိ ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ ကြက်၊ငှက်မွေးမြူရေးလုပ်ငန်းများနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင်ကြက်၊ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးနှင့်ပတ်သက်၍ နည်းပညာဆိုင်ရာ အကူအညီများပေးသွားရန် ဆန္ဒရှိကြောင်းကိုလည်း တရုတ်သိပ္ပံပညာရှင်များ၏ ကြေညာချက်တွင် တစ်ဆက်တည်း ဖော်ပြထားသည်။

**ကာကွယ်ပေး**

အဆိုပါကာကွယ်ဆေးအသစ်သည် ကြက်မျိုး၊ ငှက်မျိုးများ၊ ရေပျော်ငှက်များနှင့် နို့တိုက်သတ္တဝါများကိုသာမက လူသားများအတွက်ကိုပါ အိပ်ချ် ၅ အင် ၁ ဗိုင်းရပ်စ်ရောဂါပိုးဒဏ်မှ အကာအကွယ်ပေးနိုင်သည်ဟုဆိုသည်။

ကြက်၊ငှက်တုပ်ကွေး ကာကွယ်ဆေးအသစ်ကို တရုတ်နိုင်ငံ ဟေလုံကျန်းပြည်နယ်၏ မြို့တော် ဟာဘင်မြို့ ကြက်၊ ငှက် တုပ်ကွေးရောဂါဆိုင်ရာ ဓာတ်ခွဲခန်းမှ ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ထိုကာကွယ်ဆေးမှာ ယခုအခါနိုင်ငံတော်အဆင့်မှပေးသော အတည်ပြုခွင့်ပြုချက်ရရှိထားပြီး ဖြစ်သည့်အပြင် စိုက်ပျိုးရေးဝန်ကြီးဌာနမှလည်း ဈေးကွက်တင်ရောင်းချခွင့် ပေးထားပြီးလည်း ဖြစ်ကြောင်း တီထွင်သည့် ဓာတ်ခွဲခန်းမှ ဒါရိုက်တာ ချန်ဟူလန်က ပြောကြားသည်။

**ကျင့်သုံးနေ**

ကြက်၊ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုရှိ၊ မရှိကို အတည်ပြုစစ်ဆေးရာ၌ ယခင်က ၇၂ နာရီကြာ အချိန်ယူစစ်ဆေးပြီးမှ သိရှိနိုင်သည်။ သို့သော် ယခုအခါ ယခင်ကကဲ့သို့ အချိန်မကြာမြင့်တော့ကြောင်း သိရသည်။ တရုတ်ပညာရှင်များ ကျင့်သုံးနေသော စစ်ဆေးနည်းအသစ်ကြောင့် ကြက်၊ ငှက်တုပ်ကွေးရောဂါ ဟုတ်၊ မဟုတ်ကို အချိန် ၁၀ နာရီနှင့် စစ်ဆေးသိရှိနိုင်ပြီဖြစ်သည်။

စစ်ဆေးနည်းအသစ်အရ အချိန်စောစီးစွာ ရောဂါအခြေအနေကို သိရှိရသဖြင့် ရောဂါမပြန့်မီ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အချိန်များစွာ ရရှိလာသည့်အကျိုးကျေးဇူးကို ခံစားရမည် ဖြစ်သည်ဟုဆိုသည်။ စမ်းသပ်မှုများအရ ကာကွယ်ဆေးအသစ်သည် အိပ်ချ် ၅ အင် ၁ ဗိုင်းရပ်စ်ရောဂါပိုး၏ အန္တရာယ်ကို ရာခိုင်နှုန်းပြည့် အကာအကွယ်ပေးနိုင်သည်ကို တွေ့ရှိရသည်ဟု ချန်က ပြောကြားသည်။

**ရပ်တည်**

ကြက်၊ ငှက်ရောဂါ ကာကွယ်ဆေးနည်းပညာအပိုင်း၊ ကာကွယ်ရေးလုပ်ငန်းပိုင်းနှင့် သုတေသနကိစ္စများတွင် တရုတ်နိုင်ငံသည် ဦးဆောင်သော အနေအထားမှ ရပ်တည်လျက်ရှိကြောင်း ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့အစည်း(အိုအိုင်အီး)မှ ညွှန်ကြားရေးမှူး ဒေါက်တာဘားနတ်ဗာလတ်က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဧဝရက်တောင်ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်ရန် တရုတ်စေတနာ့ဝန်ထမ်းများ လာဆာမြို့မှ ထွက်ခွာ

**ပေကျင်း မေ ၂၆**

တရုတ် တောင်တက်အဖွဲ့ဝင်များနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး စေတနာ့ဝန်ထမ်း ၁၀၀ တို့သည် ဧဝရက်တောင်ဝန်းကျင်ရှိ အမှိုက်သရိုက်များ ရှင်းလင်းဆောင်ရွက်ရန်အတွက် လာဆာမြို့မှ တနင်္လာနေ့တွင် ထွက်ခွာခဲ့ကြသည်။ ၎င်းအဖွဲ့သည် ဧဝရက်တောင်တွင် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၅၁၂၀ မှ မီတာ ၈၀၀၀ အကြား၌ သန့်ရှင်းရေးများ ဆောင်ရွက်မည်ဖြစ်သည်။

ထိုအဖွဲ့သည် မေ ၂၉ ရက်တွင် ဧဝရက်တောင်၌ သန့်ရှင်းမှု ပြုလုပ်ပြီး ထိုအမှိုက်များကို တိဘက်မြို့တော် လာဆာသို့ ကမ္ဘာ့ပတ်ဝန်းကျင်နေ့ဖြစ်သည့် ဇွန် ၅ရက်အရောက် ပို့ဆောင်မည်ဟု သိရှိရသည်။ ယင်းသို့ ဆောင်ရွက်ခြင်းသည် ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ကာကွယ်ရန်အတွက် ပြုလုပ်ခြင်းဖြစ်သည်ဟု တိဘက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အားကစားဗျူရိုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ထောက်ပံ့**

ဧဝရက်တောင် ရှင်းလင်းရေးအဖွဲ့ကို တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဗျူရိုနှင့် ပေကျင်းတွင် အခြေစိုက်သော အားကစားနှင့် ယဉ်ကျေးမှုကုမ္ပဏီတို့ ပူးပေါင်းထောက်ပံ့ကြသည်ဟု လာဆာဒေသမှလာသောသတင်းကို ကိုးကားလျက် ဆင်ဟွာသတင်းဌာနမှ ရေးသားဖော်ပြခဲ့သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုကို ၂၀၀၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် ငါးနှစ်တာ နှစ်စဉ်လုပ်ဆောင်သွားရန် စီမံရေးဆွဲခဲ့ပြီး နှစ်စဉ် ဧဝရက်တောင်ဝန်းကျင်၌ အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းရန်လည်း ပါဝင်သည်။ ယမန်နှစ် နွေရာသီ၌ စီမံကိန်း ပထမအဆင့်အဖြစ် တိဘက်တောင်တက်သမားများနှင့် စေတနာ့ဝန်ထမ်း ၂၄ ဦးသည် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၅၁၂၀ မှ မီတာ ၆၅၀၀ ကြားတောင်ပေါ်ရှိ အမှိုက် ရှစ်တန်ကို ဖယ်ရှားခဲ့ကြသည်။

၁၉၂၁ ခုနှစ် ကာလကတည်းက ထိုတောင်တွင် ရှုခင်းအလှကြည့်သူများနှင့် တောင်တက်သူများကြောင့် အမှိုက်သရိုက် တန်ချိန် ၆၀၀ ခန့် စွန့်ပစ်ထားခဲ့ပြီးဖြစ်သည်ဟု ကျွမ်းကျင်သူပညာရှင်များက ခန့်မှန်းခဲ့ကြသည်။ ထိုအမှိုက်များသည် တောင်၏မြောက်ဘက်လမ်းကြောင်း သို့မဟုတ် နီပေါနှင့် တရုတ်နိုင်ငံ နယ်စပ် ဘက်လမ်းတွင် အများဆုံးရှိသည်ဟုဆိုသည်။

တရုတ်သိပ္ပံပညာရှင်နှင့် ကွင်းဆင်းလေ့လာသူ ၂၄ ဦးပါဝင်သော အဖွဲ့တစ်ဖွဲ့သည် ဧဝရက်တောင်တွင် ရေခဲမြစ်များ ကျယ်ပြန့်လာမှုနှင့် ကျဉ်းမြောင်းလာသောအခြေအနေကို တိုင်းတာရန်နှင့် တောင်၏အမြင့်ကို ပြန်လည်တိုင်းတာမှု ပြုလုပ်ရန်ရည်ရွယ်၍ အင်္ဂါနေ့တွင် တောင်ပေါ်သို့ တက်ရောက်ခဲ့ကြခြင်းဖြစ်သည်။ ***အမ်အင်အေ၊ပီတီအိုင်။***

# ကင်ဆာရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဆုံးဖြတ်ချက်ချမှတ်

**ဂျီနီဗာ မေ ၂၆**

ကင်ဆာရောဂါတိုးမြင့်ဖြစ်ပွားနေသည့် အရေးတကြီးကိစ္စအား တုံ့ပြန်သည့်အနေဖြင့် ဗုဒ္ဓဟူးနေ့က ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို) နှစ်ပတ်လည်အစည်းအဝေးက ကင်ဆာရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဆုံးဖြတ်ချက်တစ်ရပ်ကို ဂျီနီဗာတွင် အတည်ပြုလိုက်သည်။

ကင်ဆာရောဂါသည် ရောဂါဖြစ်နေသည့် လူနာ၊ ၎င်း၏မိသားစုများနှင့် လူ့အသိုက်အဝန်းအတွက် ကြီးမားသော ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုအဖြစ် သက်ရောက်နေကြောင်း၊ ၎င်းရောဂါသည် ကမ္ဘာတစ်ဝန်း အသေအပျောက်များစေသည့် ရောဂါများအနက် တစ်ခုဖြစ်ကြောင်း၊ အထူးသဖြင့် အဆိုပါရောဂါဖြစ်ပွားမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် တိုးမြင့်လျက် ရှိနေကြောင်း ဒဗလျူအိပ်ချ်အို ညွှန်ကြားရေးမှူးချုပ် ဂျွန်ဝုတ်က ပြောကြားသည်။

**ချမှတ်နိုင်**

ဖော်ပြပါ ဒဗလျူအိပ်ချ်အို၏ ဆုံးဖြတ်ချက်က ယင်းရောဂါတိုးပွားမှုအား ကုစားနိုင်ရန် နိုင်ငံများအတွက် အရှိန်မြှင့်ပေးစေနိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ကင်ဆာရောဂါထိန်းချုပ်ရေး မဟာဗျူဟာ ချမှတ်နိုင်ရန်အတွက် ယင်းပြဿနာနှင့်စပ်လျဉ်း၍ ရှေ့ဆောင်ကျွမ်းကျင်သူများ ပါဝင်သည့် အကြံပေးကော်မတီတစ်ရပ် ဖွဲ့စည်းရန် အစည်းအဝေးတစ်ရပ်ပြုလုပ်နေခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**သေဆုံး**

ဒဗလျူအိပ်ချ်အို၏ အဆိုအရကင်ဆာရောဂါသည် ဒုတိယ သေဆုံးမှုအများဆုံး ရောဂါတစ်ရပ်ဖြစ်သည်။ လူသန်း ၂၀ ကင်ဆာရောဂါ ဖြစ်ပွားနေပြီး ခုနှစ်သန်း နှစ်စဉ် ယင်းရောဂါဖြင့် သေဆုံးခဲ့ကြသည်။

ကင်ဆာရောဂါ ဖြစ်ပွားမှုသည် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် မြင့်တက်လျက်ရှိပြီး ယင်းရောဂါဖြစ်စေသည့်အကြောင်းများမှာ ဆေးလိပ်သောက်မှု၊ အာဟာရ မပြည့်ဝသည့် အစာစားမှု၊ ကိုယ်ကာယလေ့ကျင့်ခန်း မပြုလုပ်မှုနှင့် အခြားရောဂါ ကူးစက်မှုများကြောင့်ဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကြော်ငြာထားသည့် ဆမ်ဆောင်း ဒီဂျီမက်ပီအာရ်အို ၈၁၅ ဒီဂျစ်တယ်ကင်မရာကို မေ ၂၆ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ကချင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်လာသော လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ

ပြင်ဦးလွင် ချစ်ဆွေ

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဖျားစွန်းကျပြည်နယ်တစ်ခု ဖြစ်သည်။ တိုင်းနှင့် ပြည်နယ် ၁၄ ခုအနက် ဒုတိယအကျယ်ဆုံး ပြည်နယ်တစ်ခုလည်းဖြစ်သည်။ ပြည်နယ်အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၃၄၃၇၉ ခန့်ရှိသည်။

ပြည်နယ်တစ်ခုလုံး တောင်ကုန်းတောင်တန်းများ ထူထပ်ပေါများပြီး မြောက်ဘက်စွန်းပိုင်းသည် တိဘက်ကုန်းမြင့်ကြီး၏အစွန်းပိုင်း မြန်မာနိုင်ငံ၏ အမြင့်ဆုံးပိုင်းလည်းဖြစ်သည်။ ပြည်နယ်၏ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ မြောက်ဘက်နှင့် အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ တောင်ဘက်တွင် စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်တို့နှင့် ဆက်စပ်နေသည်။ ပြည်နယ်တစ်ခုလုံး၏ ၇၆ ဒသမ ၈၃ ရာခိုင်နှုန်းမှာ တောတောင်များဖြင့် ဖုံးလွှမ်းနေပြီး တောင်တန်းများအား ဖြတ်သန်းစီးဆင်းလာသော မြစ်ချောင်းများလည်း ပေါများသည်။

ထို့ကြောင့် ပထဝီအနေအထားအရ ခေတ်အဆက်ဆက်က လမ်းပန်းဆက်သွယ်မှု အားနည်းသည့် ဒေသတစ်ခုဖြစ်သည်။ သို့သော် တပ်မတော်အစိုးရ တိုင်းပြည်၏ တာဝန်ကို ရယူချိန်မှစ၍ ယနေ့အထိ လမ်းပန်းဆက်သွယ်ရေးကို ဦးစားပေး ဆောင်ရွက်ခဲ့ရာတွင် ဗလမင်းထင် ဧရာဝတီမြစ်ကူးတံတားကြီး တည်ဆောက် ပြီးချိန်မှစ၍ ကချင်ပြည်နယ်သည် သိသိသာသာကြီး ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ယခုအခါ ကချင်ပြည်နယ် အတွင်း ဆက်သွယ်သည့်လမ်းများနှင့် မြေပြန့်ဒေသသို့ ဆက်သွယ်သည့်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်များ ဖောက်လုပ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ လမ်းသစ်များနှင့်အတူ တံတားသစ်များကိုလည်း တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။

ကချင်ပြည်နယ် တစ်ခုလုံးမှာလည်း တပ်မတော်အစိုးရ တာဝန်ယူခဲ့သည့်အချိန်မှစ၍ ငြိမ်းချမ်းရေး၏ အရသာကို ခံစားနေရပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကလည်း တပ်မတော်နှင့်အတူ လက်တွဲ၍ ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် နေ့မအား၊ ညမနား လုပ်ဆောင်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ယနေ့ဆိုလျှင် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းတွင် မြန်မာ့လေကြောင်းအပြင် ပုဂ္ဂလိကလေကြောင်းပို့ဆောင်ရေး လုပ်ငန်းဖြစ်သော ပုဂံလေကြောင်း၊ ရန်ကုန်လေကြောင်းတို့ပါ မြစ်ကြီးနား၊ ပူတာအို၊ ဗန်းမော်တို့သို့ ပြေးဆွဲပေးနေသည်။ ရေကြောင်းလမ်းတွင် ဧရာဝတီမြစ်ကြောင်း တစ်လျှောက် မန္တလေး-ဗန်းမော်၊ ဗန်းမော်-မြစ်ကြီးနား ရေပေါ် အမြန်လှုပ်ပြေးယာဉ်များဖြင့် ပြေးဆွဲလျက်ရှိသည်။

အလားတူ မိုးကောင်းချောင်း၊ နန်းရင်းချောင်း၊ ဥတုချောင်း၊ တနိုင်းချောင်း၊ အင်းတော်ကြီးချောင်း၊ မိုးလဲချောင်းများတွင် ယခင်က လှေငယ်များဖြင့် သွားလာနေရာမှ စက်လှေငယ်များဖြင့် အစားထိုးပြေးဆွဲလျက်ရှိသည်။

ထို့ပြင် ကချင်ပြည်နယ်အတွင်း ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်း ပိုမိုချောမွေ့စေရေးအတွက် မြစ်ကြီးနား-ရွှေဘို ၂၈၉ မိုင်၊ မြစ်ကြီးနား-ဖားကန့်လမ်း ၁၀၇ မိုင်၊ မြစ်ကြီးနား-ဗန်းမော်လမ်း ၁၁၅ မိုင်၊ မြစ်ကြီးနား-ပူတာအို လမ်း ၂၁၈ မိုင်၊ မြစ်ကြီးနား-လုံးတုံ(အင်းတော်ကြီး) ၁၁၂ မိုင်၊ မြစ်ကြီးနား - ချီဖွေလမ်း ၉၇ မိုင်၊ မြစ်ကြီးနား-မြစ်ဆုံ ၂၈ မိုင် စသည်တို့ကို တိုးချဲ့ဖောက်လုပ် အဆင့်မြှင့်တင်ပေးခဲ့၍ ရာသီမရွေး သွားလာနိုင်ပြီဖြစ်သည်။

ကတ္တရာခင်းပြီး မြစ်ကြီးနား-ဗန်းမော်ကားလမ်းမကြီး၏ တစ်စိတ်တစ်ဒေသကို တွေ့ရစဉ်။

မခွယ်နှင့် လွဲဆယ်ကြား သစ်သားတံတားများ ဆောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်။

အလားတူ နယ်နိမိတ်ချင်း ဆက်စပ်နေသော တရုတ် နိုင်ငံသို့ မြစ်ကြီးနား-ဗန်းမော်-ကန်ပိုက်တီး ၈၈ မိုင်၊ ဆဒုံး ၅၇ မိုင်၊ မြစ်ကြီးနား-မိုးမောက်-လိုင်ဇာလမ်း၊ မြစ်ကြီးနား-မိုးမောက်-လွယ်ဂျယ်လမ်း၊ မြစ်ကြီးနား-မန်စီ- နန့်ခမ်း-မူဆယ်လမ်း၊ မြစ်ကြီးနား-တနိုင်း - နန့်ယွန်း - ပန်ဆောင်အထိ သွားလာနိုင်ပြီဖြစ်သည်။

**ကချင်ပြည်နယ်တွင် မြို့နှင့်ကျေးရွာ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရာတွင် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် မိုးလဲချောင်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းလည်း ပါဝင်ပါသည်။** မိုးလဲချောင်းဒေသတွင် ပါဝင်သော မိုးလဲချောင်း တစ်လျှောက်တွင် နေထိုင်လျက်ရှိကြသော ကျေးရွာလူထုသည် ရေလမ်းကို အဓိကထား သွားလာကြရပြီး ကုန်းလမ်းအဖြစ် ချောင်းကမ်းဘေးလှည်းလမ်းကိုသာ အသုံးပြုသွားလာခဲ့ကြရလေသည်။ မိုးရာသီတွင် ချောင်းရေကြီးခြင်း၊ ကမ်းပါးပြိုခြင်း၊ ရေကြီးခြင်း စသည့်အခက်အခဲများ ရှိခဲ့သဖြင့် ဒေသဖွံ့ဖြိုးမှုကို ထိခိုက်စေခဲ့ပါသည်။

ထို့ကြောင့် မိုးလဲချောင်းဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း (ယခု နိုင်ငံတော် ဝန်ကြီးချုပ်) ၏ (၂၅-၆-၂၀၀၄ မှ ၂၇-၆-၂၀၀၄)ရက်နေ့အထိ ဗန်းမော်ခရီးစဉ်တွင် မိုးမောက်မြို့နယ် မခွယ်-သိမ်လုံလမ်းကြောင်းအား ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်းကြောင်းအဖြစ် ဖောက်လုပ်ရန်နှင့် ဗန်းမော်-မြစ်ကြီးနား ကားလမ်းမကြီးနှင့် ဆက်စပ်ပေးနိုင်ရန်အတွက် ကုန်းနှော-မခွယ်လမ်း မိုင်(၄/၄)၊ သိမ်လုံ-ဒေါ့ဖုန်းယန်လမ်းမိုင်(၆/၄)တို့ကိုလည်း ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးရန် မှာကြားခဲ့သည်။

ယခုအခါ ဗန်းမော်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူးရုံးမှ တာဝန်ယူ၍ ကုန်းနှော-မခွယ်လမ်းနှင့် သိမ်လုံ-ဒေါ့ဖုန်းယန် လမ်းများကို ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပြီးစီးခဲ့ပြီဖြစ်သည်ကို တွေ့ရသည်။ ဆက်လက်၍ ၁၅ မိုင်ရှည်လျားသော မခွယ်-သိမ်လုံလမ်းကို ဖောက်လုပ်လျက်ရှိရာ မြေသားလမ်းအဖြစ် ဖောက်လုပ်ပြီးစီးခဲ့ပြီဖြစ်သည်။

မခွယ်-သိမ်လုံလမ်းကို ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပြီးစီးပါက မိုးလဲချောင်းဒေသတွင်ပါသော

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ▶**

**ပထဝီအနေအထားအရ ခေတ်အဆက်ဆက်က လမ်းပန်းဆက်သွယ်မှု အားနည်းသည် ဒေသတစ်ခုဖြစ်သည်။ သို့သော် တပ်မတော် အစိုးရ တိုင်းပြည်၏တာဝန်ကို ရယူချိန်မှစ၍ ယနေ့အထိ လမ်းပန်းဆက်သွယ်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ရာတွင် ဗလမင်းထင် ဧရာဝတီမြစ်ကူးတံတားကြီး တည်ဆောက်ပြီးချိန်မှစ၍ ကချင်ပြည်နယ်သည် သိသိသာသာကြီး ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ယခုအခါ ကချင်ပြည်နယ်အတွင်း ဆက်သွယ်သည့်လမ်းများနှင့် မြေပြန့်ဒေသသို့ ဆက်သွယ်သည့်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်များ ဖောက်လုပ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ လမ်းသစ်များနှင့်အတူ တံတားသစ်များကိုလည်း တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။**

ဒေါ့ဖုန်းယန်-သိမ်လုံလမ်း (၀/၁-၀/၂)ကြား ကျောက်ချောလမ်းခင်းစဉ်။

# ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကျင်းပ

ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်း အဖွဲ့ အကြိုညီလာခံ (၂၀၀၅)အခမ်း အနားတွင် ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊အနောက် ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်လှိုင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၇

**ရခိုင်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅)ကို မေ ၂၆ ရက် နံနက် ၈နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နာယက၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်လှိုင်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟို စည်းရုံးရေးကော်မတီဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးချစ်နိုင်(ငြိမ်း)၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရခိုင်ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန်းနှင့်ပြည်နယ်/ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် (၁၇)မြို့နယ်တို့မှ မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။**

### တက်ရောက်

ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်း အဖွဲ့ အကြိုညီလာခံ(၂၀၀၅)တွင် အခမ်း အနားမှူးအဖြစ် မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက်မှ ဗိုလ်ကြီးမြင့်သိန်း (ငြိမ်း)နှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တပ်ကြပ်ကြီးစာရေး စိုးမြင့်အောင် (ငြိမ်း)တို့က ဆောင်ရွက်ကြပြီး အခမ်း အနားမှူးက အစည်းအဝေးသို့ ကိုယ်စား လှယ် ၃၀၀ ရှိသည့်အနက် ၃၀၀ တက်ရောက်၍ ၁၀၀ရာခိုင်နှုန်း တက်ရောက်သဖြင့် အစည်းအဝေး အထ မြောက်ကြောင်း ကြေညာသည်။

ယင်းနောက် ရခိုင်ပြည်နယ် စစ်မှု ထမ်းဟောင်းအဖွဲ့ နာယက၊ အနောက် ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်လှိုင်က အမှာစကား ပြောကြားပြီး အလှူငွေပေးအပ်ပွဲ အခမ်း အနားကို ဆက်လက်ကျင်းပရာ ရခိုင် ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ် ရေးအဖွဲ့သို့ အနောက်ပိုင်းတိုင်းစစ်ဌာန ချုပ်က လှူဒါန်းငွေကျပ် ၂၅သိန်းကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်လှိုင်က ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်း ကြီး ကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန်းအား ပေးအပ်လှူဒါန်း သည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ ရခိုင်ပြည်နယ် အေး ချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ၏ လှူဒါန်းငွေကျပ် ၂၅သိန်းကို ရခိုင် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား အဖွဲ့ ဝင်(၂) ရဲမှူးကြီးဝင်းကြည်က ရခိုင်ပြည် နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင် သန်းထံ ပေးအပ်လှူဒါန်းပြီး ညီလာခံ ပထမပိုင်းကို ခေတ္တရပ်နားသည်။

ထို့နောက် ရခိုင်ပြည်နယ်စစ်မှုထမ်း ဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅) ဒုတိယပိုင်းကို နံနက် ၈နာရီခွဲတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူး ကြီးခင်မောင်သန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရခိုင် ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ် ရေး အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူး အုံးသွင်(ငြိမ်း)နှင့် ဗိုလ်ကြီးအုံးလွင် (ငြိမ်း)၊ မောင်တောမြို့နယ် စစ်မှုထမ်း ဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးဘမြင့်(ငြိမ်း)နှင့် စစ်တွေမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးမြစိုး(ငြိမ်း)တို့က ဆောင် ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိက အဖွင့်အမှာ စကား ပြောကြားပြီး ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅) အစီရင်ခံစာကို တောင်ကုတ် မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးသိန်းစိုးနိုင် (ငြိမ်း)၊ ကျောက်ဖြူမြို့နယ် စစ်မှုထမ်း ဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးမောင်မြင့်(ငြိမ်း)နှင့် ဘူးသီး တောင်မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီး ဖေယျာ(ငြိမ်း)တို့က တင်သွင်းကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်စစ်မှု ထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅)သို့ တင်သွင်းသည့် အစီရင်ခံစာ ပါ လုပ်ငန်းကဏ္ဍကြီး (၅)ရပ်နှင့် စပ်လျဉ်း၍ ကျောက်တော်မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးရဲထွေး(ငြိမ်း)က အမျိုး သား နိုင်ငံရေးကဏ္ဍကိုလည်းကောင်း၊ စစ်တွေမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဝင် ဗိုလ်ကြီး စည်သူမင်း(ငြိမ်း)က နိုင်ငံတော် ကာ ကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍကိုလည်း ကောင်း၊ ရခိုင်ပြည်နယ် စစ်မှုထမ်း ဟောင်းကြီးကြပ်ရေးအဖွဲ့ဝင် ဗိုလ်ကြီး စိုးမိုးအောင်(ငြိမ်း)က စီးပွားရေးကဏ္ဍ ကို လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင် ဗိုလ်ကြီးစိုးသူ(ငြိမ်း)က လူမှုရေးနှင့် သက်သာချောင်ချိရေး ကဏ္ဍကိုလည်း ကောင်း၊ ဂွမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယ အရာခံဗိုလ်စိုးလေး(ငြိမ်း)က ပြည်သူ့ အကျိုးပြုလုပ်ငန်းကဏ္ဍကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိက ရခိုင် ပြည်နယ် စစ်မှုထမ်းဟောင်း အကြို ညီလာခံ(၂၀၀၅)က ချမှတ်မည့် ရှေ့ လုပ်ငန်းစဉ်(၅)ရပ်ကို ညီလာခံကိုယ်စား လှယ်များ၏ ဆန္ဒရယူပြီး အတည်ပြု ကြောင်း ကြေညာသည်။

ဆက်လက်၍ အခမ်းအနားမှူးက ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံက ချမှတ်သည့် ဆုံးဖြတ် ချက်သုံးရပ်၊ အတည်ပြုခြင်းတစ်ရပ်၊ မှတ်တမ်းတင်ခြင်းသုံးရပ်တို့ကို အတည် ပြု ဖတ်ကြားကြေညာသည်။

ထို့နောက် သဘာပတိ ရခိုင်ပြည် နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင် သန်းက နိဂုံးချုပ် အမှာစကားပြော ကြားပြီး ကြွေးကြော်သံများဖြင့် အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာကျင်းပမည်

ရန်ကုန် မေ ၂၇

မဟာဂန္ဓာဝါစကပဏ္ဍိတ ဘွဲ့တံဆိပ် တော် ဆက်ကပ်ခြင်းခံရသော ရွှေ ပြည်သာမြို့ ရွှေပြည်သာ ပရိယတ္တိ စာသင်တိုက်ကြီး၏ ပဓာန နာယက ဒွိပိဋကဓရ ဆရာတော် ဘဒ္ဒန္တနာဂိတ (ဝိနယပါဠိပါရဂူ၊ ဒီဃနိကာယ ပါဠိပါရဂူ)နှင့် (၅၇)ကြိမ်မြောက် တိပိဋကဓရစာမေးပွဲကြီး၌ ဝိနယပိဋက ရှေ့ပိုင်းဥဘတောဝိဘင်ကို ဂုဏ်ထူးဖြင့် အောင်မြင်တော်မူသော အရှင် ဓိနာနန္ဒာ လင်္ကာရတို့အား ဂုဏဝိသိဋ္ဌ ပူဇာ မင်္ဂလာ၊ ကျောင်းတိုက်မုခ်ဦးအလှူတော် မင်္ဂလာ၊ ဒတ္တာဇီဝ ဆွမ်းစားကျောင်း တော်ကြီး ကျောင်းလွှတ်ပူဇာအလှူတော် မင်္ဂလာ တို့ကို ကျောင်းဒါယကာ၊ ဒါယိကာမ တပည့်များက ဇွန် ၅ရက် နံနက် ၉နာရီတွင် ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညို ပူဇော်နိုင်ကြောင်းသိရသည်။ (က-ပ)

➪ စာမျက်နှာ ၃ မှ

တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ကျင်ခိုင်၊ ပညာရေး လုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် တွဲဖက် ပါမောက္ခ ဒေါ်မင်းသက်မွန်၊ ရန်ကုန် တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် တာဝန်ရှိသူများက ရန်ကုန်တောင်ပိုင်းခရိုင်နှင့် ရန်ကုန် အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ကျောင်းသူကလေးများအား စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ကို ပေးအပ်ကြသည်။

ယင်းနောက် အမှတ်(၃) အခြေခံ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက ပညာရေးဝန်ကြီးဌာန က လှူဒါန်းသော သူငယ်တန်းပြဌာန်း စာအုပ်များကို မြို့နယ်ပညာရေးမှူးများ သို့ လည်းကောင်း၊ သာကေတမြို့နယ် ပညာရေးမိသားစုက လှူဒါန်းသော ဗလာစာအုပ်နှင့်ခဲတံများကို မြို့နယ် ပညာရေးမှူးဦးအေးကြိုင်က သာကေတ မြို့နယ် အမှတ်(၅) အခြေခံပညာမူလ တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမြင့်အားလည်းကောင်း ပေးအပ် ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။ (သတင်းစဉ်)

ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်နှင့် လိုင်ဇာကြား နယ်စပ်ကုန်သွယ်ရေးကိုအထူးအကျိုးပြုမည့်မြစ်ကြီးနား- ဗန်းမော်ကားလမ်းတွင် စက်ယန္တရားကြီးများဖြင့် တိုးချဲ့ ဆောင်ရွက်စဉ်။

▶ စာမျက်နှာ ၆ ဆောင်းပါးမှ အဆက်

ကုန်းနှော၊ မခွယ်၊ နောင်ကုတ်၊ လွဲဆယ်၊ သိန်းငိတ်၊ အောက်ဆားကျင်း၊ အထက်ဆားကျင်း၊ သိန်းဘုရား၊ လုံဂျာကုန်း၊သိမ်လုံ၊ ဒေါ့ဖုန်းယန်ရှိ ဒေသခံတိုင်းရင်း သားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် အလျင်အမြန် ဖွံ့ဖြိုးတိုးတက် လာတော့မည်ဖြစ်သည်။

**မခွယ်-သိမ်လုံလမ်း စီမံကိန်းအတွက် ကျပ် သိန်း ၃၆၁၄ ကုန်ကျမည်ဖြစ်ကြောင်း သိရပါသည်။ ဆက်လက်၍ ဒေသအတွင်း မြို့နှင့် ကျေးရွာချင်း ဆက်လမ်းအများအပြားကိုလည်း ဖောက်လုပ်ပေး လျက်ရှိရာ ကျေးလက်ပြည်သူများအတွက် လမ်းပန်း ဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမှုကြောင့် လူနေမှု အဆင့်အတန်း တိုးတက်မြင့်မားလျက်ရှိပေသည်။**

ကချင်ပြည်နယ်တစ်ဝန်း ဒေသအလိုက် ဖွံ့ဖြိုး တိုးတက်ရေး အကျိုးပြု အခြေခံအဆောက်အအုံများစွာ တိုးချဲ့ တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ ဒေသခံ ပြည်သူများအနေဖြင့် ဒေသ၏စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးမှု အကျိုးပြု လမ်းသစ်၊ တံတားသစ်များစွာကို အကျိုးရှိရှိ အသုံးပြု၍ အရှည်တည်တံ့ခိုင်ခံ့စေရေး အတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ် ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

### ၂၈-၅-၂၀၀၅ (စနေနေ့)

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | တေးဂီတအစီအစဉ် |
| ၇း၁၀ | မော်ကွန်းစာကိုးပြည့်တန်ဖိုး |
| ၇း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၇း၃၀ | ပေါင်းမြက်များကိုထိရောက်စွာကာကွယ်နှိမ်နင်းနည်းများ |
| ၇း၅၀ | မီးအပူပေးပုံပြင်ခြင်းနည်းပညာ |
| ၈း၀၀ | တေးဂီတအစီအစဉ် |
| ၈း၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈း၁၀ | နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲ |
| ၉း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ | မေးကြည့်ဖြေကြည့် ပဟေဠိ |
| ၉း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၄၅ | တေးဂီတအစီအစဉ် |
| ၉း၅၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၀၀ | တေးဂီတအစီအစဉ် |
| ၁၀း၀၅ | သံဂဟေအတတ်ပညာ |
| ၁၀း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅ | နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး |
| ၁၀း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၅၀ | ကရာတေးဒို |
| ၁၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ(၄)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ (၄)ကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ရည်ရွယ်ချက်များနှင့်အညီ ကျေးရာဒေသမှာ တာဝန်ထမ်းဆောင်ပြီး အနာဂတ်လူငယ်များအတွက် ဆရာကောင်းတစ်ဦးဖြစ်ရန် ဆက်လက်ကြိုးပမ်း

ရန်ကုန် မေ ၂၇

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့နံနက် ၆နာရီတွင် ရန်ကုန်မြို့ ကျောက်တံတား မြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းမှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူများနှင့် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းအမှတ်စဉ်(၄၀)သို့ တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။**

### တက်ရောက်

တွေ့ဆုံပွဲအခမ်းအနားသို့ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးလှအေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် (၄)ရပ်အနက် ပထမဦးတည်ချက်ဖြစ်သော **"တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး"**နှင့် စတုတ္ထ ဦးတည်ချက်ဖြစ်သော **"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"** ဟူသော ဦးတည်ချက်များအရ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် လူငယ်လူရွယ်များ စိတ်ဓာတ်မြင့်မားပြီး အကျင့်စာရိတ္တ မြင့်မားရေးနှင့် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားရေးအတွက် သင်ကြားပို့ချနိုင်သော၊ အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမကောင်းများ လိုအပ်လျက်ရှိရာ အဆိုပါ ဆရာ၊ ဆရာမကောင်းများ ပေါ်ထွန်းစေရေး ရည်ရွယ်ချက်ဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ မိမိတို့ရန်ကုန်တိုင်းမှ သင်တန်းသား၊ သင်တန်းသူများကို နှစ်စဉ်စေလွှတ်လျက်ရှိကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တွင်သင်တန်းတက်ရောက်စဉ် ကာလများ၌ အခြားပြည်နယ်/တိုင်းများမှ သင်တန်းသား၊ သင်တန်းသူများနှင့် အတူတကွ ပညာသင်ကြားရမှာဖြစ်၍ ပညာသင်ကြားစဉ်ကာလအတွင်း စည်းကမ်းကောင်းမွန်အောင်၊ ပညာရည်ချွန်ဖြစ်အောင် ရန်ကုန်တိုင်းဂုဏ်ဆောင်နိုင်ပြီး ထူးချွန်စွာ အောင်မြင်အောင် ကြိုးစားကြဖို့လိုအပ်ကြောင်း၊ ပညာရေးသာမက ဘက်စုံထောင့်စုံက ထူးချွန်အောင် ကြိုးစားကြရမှာဖြစ်ကြောင်း၊ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံထူးချွန်မှသာ အနာဂတ်လူငယ်များကို ပြုစုပျိုးထောင်နိုင်မည့် ဆရာကောင်းများ ဖြစ်လာမှာဖြစ်ကြောင်း။

### ငွေပဒေသာပင်စိုက်ထူ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ စာပေသင်ကြားရာတွင် စိတ်အေးချမ်းသာစွာ သင်ယူနိုင်ရန်အတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တက္ကသိုလ်တွင် ငွေပဒေသာပင် ၂၈ သိန်း စိုက်ထူပေးထားပြီး ကျောင်းသား၊ ကျောင်းသူများအတွက် လစဉ်စားသောက်စရိတ်နှင့် အသေးသုံးစရိတ် စုစုပေါင်း ကျပ် ၁၅၀၀ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ယနေ့တွင်လည်း ယခုကျောင်းဖွင့်အမီ ခရီးစရိတ်၊ ဝတ်စုံစရိတ်နှင့် စာအုပ်စာတမ်းဝယ်ယူနိုင်ရန်အတွက် ကျပ် ၁၀၀၀၀ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း။

ကျောင်းမှာ ပညာသင်ကြားသည့်အခါ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီမှုရှိရန် လိုအပ်သလို အခြားတိုင်း၊ ပြည်နယ်မှ သင်တန်းသား၊ သင်တန်းသူများနှင့်လည်း ရင်းနှီးခင်မင်စွာ ဆက်ဆံပြီး တစ်ဦးအခက်အခဲတစ်ဦး ဖေးမကူညီဖြေရှင်းပေးကာ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲအောင် တည်ဆောက်ဖို့လည်း လိုအပ်ကြောင်း၊ သို့မှသာ တစ်ဦးနှင့်တစ်ဦး သံယောဇဉ်ခိုင်မြဲပြီး ပြည်ထောင်စုစိတ်ဓာတ်များ တည်တံ့နေမှာဖြစ်ကြောင်း၊ တစ်ဦး၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကိုလည်း တစ်ဦးက လေးစားပြီး လေ့လာဖို့ လိုအပ်ကြောင်း၊ ယဉ်ကျေးမှုအချင်းချင်း လေ့လာဖလှယ်ခြင်းအားဖြင့်လည်း တိုင်းရင်းသား ချစ်ကြည်ရင်းနှီးမှုကို အထောက်အကူ ပြုစေမှာဖြစ်ကြောင်း။

### ကျင့်ကြံအားထုတ်

ယခုနှစ် သင်တန်းဆင်းမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဆရာကောင်းတစ်ဦး ဖြစ်အောင် ကြိုးစားပြီးပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ရည်ရွယ်ချက်များနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ကျေးရာဒေသမှာ တာဝန်ထမ်းဆောင်ပြီး အနာဂတ် လူငယ်များအတွက် ဆရာကောင်း တစ်ဦးဖြစ်အောင် မမိုတ်မသုန် ဆက်လက်ကြိုးပမ်းသွားရမှာဖြစ်ကြောင်း၊ ကျောင်းက သင်ကြားပေးလိုက်သည့် ပညာရပ်များနှင့် လက်တွေ့နယ်ပယ်မှာ တွေ့ကြုံရမည့် အတွေ့အကြုံများ ပေါင်းစပ်ပြီး နိုင်ငံတော်က အားကိုးအားထားပြုရမည့် အရည်အချင်းပြည့်ဝသော ဆရာကောင်း၊ ဆရာမွန်များ ဖြစ်ရန် ကျင့်ကြံအားထုတ်သွားကြရမှာ ဖြစ်ကြောင်း။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ပြန်လည်ရောက်ရှိကြသည့်အခါ ကျောင်းက ချမှတ်ထားသည့် စည်းကမ်းများကို လိုက်နာပြီး ပညာကို ကြိုးကြိုးကုတ်ကုတ် သင်ယူသွားကြရန်နှင့် တစ်ဦးကို တစ်ဦး ဖေးမကူညီစောင့်ရှောက်ပြီး ရန်ကုန်တိုင်းဂုဏ်ဆောင် သင်တန်းသားကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်းဖြင့် အမှာစကားပြောကြားသည်။

### ထောက်ပံ့ပေးအပ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက သင်တန်းသား၊သင်တန်းသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၆၀၀၀၀ကို ထောက်ပံ့ပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများ ကိုယ်စား ပညာရေးဘွဲ့(ဘီအီးဒီ) တစ်နှစ်သင်တန်း သင်တန်းအမှတ်စဉ် (၂၀)မှ သင်တန်းသူ မခင်မိုးကြိုင်က လက်ခံရယူသည်။

ယင်းနောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်း သင်တန်းအမှတ်စဉ်(၃၈)မှ ပထမနှစ် သင်တန်းသူ မစံပယ်လှိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

### အမှာစကားပြောကြား

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်းမှ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူများနှင့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းအမှတ်စဉ်(၄၀)သို့ တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။** (ရ-က-တ)

## ပြင်ဦးလွင် မဟာရွှေမြင်တင်စေတီတော် ပရိဝုဏ်အတွင်း မဟာဗောဓိပင် စိုက်ပျိုးပူဇော်

**ရန်ကုန် မေ ၂၇**

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် မဟာရွှေမြင်တင်စေတီတော် ပရိဝုဏ်အတွင်း၌ မဟာဗောဓိပင် စိုက်ပျိုးပူဇော်ပွဲကို မေ ၂၂ ရက် (ကဆုန်လပြည့်နေ့) နံနက်ပိုင်းတွင် ကျင်းပရာ ပြင်ဦးလွင် တပ်နယ်မှူး ဗိုလ်မှူးချုပ် ညီထွန်းနှင့် ဇနီး၊ တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ပြင်ဦးလွင် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး မဟာရွှေမြင်တင်စေတီတော် ဘက်စုံပြုပြင် တည်ဆောက်နေမှု လုပ်ငန်းအခြေအနေများကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က ရှင်းလင်းတင်ပြသည်။

ထို့နောက် စိုက်ပျိုးပူဇော်မည့် မဟာဗောဓိပင်အား စေတီတော် တစ်ပတ် လက်ယာရစ် လှည့်လည်ပူဇော်ပြီး မွန်းတည့် ၁၂ နာရီတွင် တပ်နယ်မှူး ဗိုလ်မှူးချုပ်ညီထွန်းနှင့် တာဝန်ရှိသူများက မဟာဗောဓိပင်အား သတ်မှတ်နေရာ၌ စိုက်ပျိုးပူဇော်ပေးကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**လှည်းကူးမြို့ ဒါးပိန်လမ်းခွဲ ပြည်တော်သာရပ်ကွက် အမှတ်(ခ/၂၈၁)နေ ကွယ်လွန်သူ ဦးငြိမ်းမောင်၊ (သား)မောင်ခင်ညိုတို့အား ရည်စူး၍ ဒေါ်စိမ်းမိသားစုက ငွေပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)


## နိုင်ငံတော် အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၅ ခုနှစ် မေလအတွက်**

နောက်ဆုံးပတ်(တနင်္ဂနွေနေ့) (၂၉-၅-၂၀၀၅)ရက်နေ့

**၂၀၀၅ ခုနှစ် ဇွန်လအတွက်**

(၁၂-၆-၂၀၀၅) ရက်နေ့

နှင့်

(၂၆-၆-၂၀၀၅) ရက်နေ့

✪ ကျောဖုံးမှ

# နှစ်(၃၀)ကာလအတွင်း အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို အခြေခံသော ချစ်ကြည်ရေးကို ဆက်လက်ထိန်းသိမ်းနိုင်

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ငုယင်ဇီညံထံသို့ ပေးပို့သည့်သဝဏ်လွှာ-**

**အဆွေတော်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်မှု နှစ်(၃၀)ပြည့် မင်္ဂလာအခါသမယတွင် အဆွေတော်ထံသို့ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများ ပို့သလိုက်ပါသည်။

အနှစ်(၃၀)ကာလအတွင်းတွင် အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို အခြေခံသော ချစ်ကြည်ရေးကို နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အဆက်ဆက်က ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြပါသည်။

ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီးများက ချမှတ်ပေးခဲ့သည့် လက်ရှိ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို မြှင့်တင်သွားရန် အစွမ်းကုန် ဆက်လက်ကြိုးပမ်းအားထုတ်ရန်မှာ ကျွန်ုပ်တို့၏ တာဝန်ပင်ဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့ နှစ်နိုင်ငံဆက်ဆံရေးအတွက်သာမက နိုင်ငံတကာဆက်ဆံရေးအတွက်ပါ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက် သာယာဝပြောရေးအတွက် အဆွေတော်နှင့်အတူ ဆက်လက်ဆောင်ရွက်သွားပါမည်။

# မြန်မာနှင့် ဗီယက်နမ် နှစ်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေး စဉ်ဆက်မပြတ် တိုးတက်နေသည်ကို တွေ့ရှိရ

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ငုယင်ဇီညံထံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ ပေးပို့သည့်သဝဏ်လွှာ-**

**အဆွေတော်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့သည် ၂၈-၅-၁၉၇၅ မှ ၂၈-၅-၂၀၀၅ ရက်နေ့တွင် သံတမန်အဆက်အသွယ် ပြုလုပ်ခဲ့သည်မှာ နှစ်(၃၀)ပြည့်မြောက်ခဲ့ခြင်းအတွက် အဆွေတော်ထံသို့ ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သလိုက်ပါသည်။

လွန်ခဲ့သော နှစ်(၃၀)တာကာလအတွင်း မြန်မာနှင့် ဗီယက်နမ်နှစ်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများတွင် စဉ်ဆက်မပြတ် တိုးတက်နေသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါသည်။ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆက်ဆံရေး ခိုင်မာလာမှုကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါသည်။

လက်ရှိနိုင်ငံတကာနှင့် ဒေသဆိုင်ရာ အခြေအနေများအရ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံရေးသည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံတကာ အဖွဲ့အစည်းများဘောင်အတွင်းမှ ပူးပေါင်းဆောင်ရွက်မှုများသည် မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ အစဉ်အလာ ချစ်ကြည်ရင်းနှီးမှုနှင့် ဘက်စုံ ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်းကောင်း၊ နှစ်နိုင်ငံပြည်သူများ၏ လိုလားတောင့်တချက်များ ဖြည့်ဆည်းပေးရာတွင်လည်းကောင်း၊ ဒေသနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း အထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**ရန်ကုန်မြို့။**
**ရက်စွဲ၊ ၂၀၀၅ခုနှစ် မေလ ၂၈ရက်။**

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သည့် နှစ်သိမ့်ဆွေးနွေးပညာပေး သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၂၇

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ ပြည်နယ်နှင့်တိုင်းများရှိ အမျိုးသမီးရေးရာအဖွဲ့ နှစ်သိမ့်ဆွေးနွေး ပညာပေးဌာနများတွင် တာဝန်ယူဆောင်ရွက်ကြမည့်သူများ လုပ်ငန်းကျွမ်းကျင်မှုရှိစေရန် ရည်ရွယ်ဖွင့်လှစ်သည့် နှစ်သိမ့်ဆွေးနွေး ပညာပေး သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်း ဦးစီးဌာန လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်း၌ ကျင်းပသည်။**

### တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူး အဖွဲ့ဝင်များနှင့် အဖွဲ့ချုပ် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့-အဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေး၊ အကြံပေးပုဂ္ဂိုလ်များ၊ လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းအစီရင်ခံစာကို အဆောင်မှူးက ဖတ်ကြားသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေးတို့က သင်တန်းသူတစ်ဦးချင်းအား သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

### လှူဒါန်း

ယင်းနောက် လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းသို့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့က လှူဒါန်းငွေကျပ် နှစ်သောင်းနှင့် သင်တန်းသူများက လှူဒါန်းငွေကျပ် တစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ကြီး ဦးသန်းထွင့်ဆွေက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနှစ်သိမ့်ဆွေးနွေး ပညာပေး သင်တန်းကို မေ ၂၅ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်ခဲ့သည်။ အဆိုပါသင်တန်းသို့ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသူ ၃၆ဦးတို့တက်ရောက်ခဲ့ကြပြီး သင်တန်းနည်းပြအဖြစ် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး လုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ ပါမောက္ခ ဒေါ်ဌေးဌေးက ဦးဆောင်သင်ကြားပို့ချ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သည့် နှစ်သိမ့်ဆွေးနွေး ပညာပေးသင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

### အမှာစကားပြောကြား

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သည့် နှစ်သိမ့်ဆွေးနွေးပညာပေး သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

❀ ရှေ့ဖုံးမှ

ညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်မှ မတ် ၃၁ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့တို့က တင်သွင်းခဲ့သော စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့၏ လေ့လာတွေ့ရှိချက်ကို အမျိုးသားညီလာခံ ပြန်လည်ကျင်းပသည့်အခါ တင်ပြနိုင်ရေးအတွက် စာတမ်းများ ရေးသားပြုစုခြင်းကို ဆက်လက်ဆွေးနွေး ဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

**ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့**

(၃၁-၅-၂၀၀၅)

World No-Tobacco Day
(31-5-2005)

**ဆေးလိပ်ဆေးရွက်ကြီးဆန့်ကျင်ရေး၊ ကျန်းမာရေးပညာရှင်များ ဦးဆောင်ပေး**

Health Professionals against Tobacco

**ကျန်းမာရေးဝန်ကြီးဌာန**

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၇-၅-၂၀၀၅

**သိမ်ဇရပ်**
၆ ဒသမ ၁၀ လက်မ

ဒိ
၂ ဒသမ ၂၄ လက်မ

**ရန်ကုန်(မင်္ဂလာဒုံ)**
၂ ဒသမ ဝ၉ လက်မ

**ရွှေကျင်**
၁ ဒသမ ၈၉ လက်မ

**ရန်ကုန် (ကမ္ဘာအေး)**
၁ ဒသမ ၅၄ လက်မ

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၈-၅-၂၀၀၅**
**(စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | **အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်** |
| ၇း၁၅ | ၂။ | **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်** |
| ၇း၂၅ | ၃။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၅ | ၆။ | အတီးပြိုင်ပွဲ |
| ၈း၀၅ | ၇။ | တေးဂီတအစီအစဉ် |
| ၈း၁၅ | ၈။ | ရွှေလောင်းတံတား |
| ၈း၃၀ | ၉။ | International News. |
| ၈း၄၅ | ၁၀။ | Happy and Educational English Summer Course MRTV. |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၅ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | ၃။ | ပြည်တွင်းသတင်း |
| ၁၁း၄၀ | ၄။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၂း၀၅ | ၅။ | တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁၂း၂၅ | ၆။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ဓာရဝိဇ္ဇာနှင့် မိစ္ဆာခွင်းဓား" (အပိုင်း-၆)** |
| ၁း၀၅ | ၇။ | ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ(ပဲခူးတိုင်း) |
| ၁း၂၀ | ၈။ | **"ရှင်နှောင်းကျောင်းရောက်ပြီ" (ကြည်စိုး၊ ထူးသာ၊ ချောနဝင်း) [ဒါရိုက်တာ-ခင်ဇော်(ကောသိပန်)]** |
| ၁း၅၀ | ၉။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၂း၀၅ | ၁၀။ | **"ပိုင်နိုင်ခိုင်မြဲအောင်" (အကယ်ဒမီထွန်းထွန်းဝင်း၊ ခန့်စည်သူ၊ မျိုးစန္ဒီကျော်၊ ခင်မို့မို့အေး၊ ထင်ပေါ်၊ သူသူဟံသာ၊ ငွေစင်ထွန်း) (ဒါရိုက်တာ-သက်တင်)** |
| ၂း၃၅ | ၁၁။ | ထပ်ဆင့်အောင်ပွဲ ဧရာဝတီတံတား(ဒေးဒရဲ) |
| ၂း၄၅ | ၁၂။ | International News. |
| ၃း၀၀ | ၁၃။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊စစ်သည်တေး |
| ၄း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄း၃၀ | ၃။ | English For Everyday Use. |
| ၄း၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၅း၀၀ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ) |
| ၅း၁၅ | ၆။ | နားဝင်ပီယံသူ့လက်သံ |
| ၅း၂၅ | ၇။ | အကပဒေသာ |
| ၅း၄၀ | ၈။ | ချစ်စရာ့အရွယ် ကစားကြမယ် |
| ၆း၁၅ | ၉။ | တေးဂီတအစီအစဉ် |
| ၆း၃၀ | ၁၀။ | ညနေခင်းသတင်း |
| ၇း၀၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၇း၀၅ | ၁၂။ | Discovery |
| ၇း၁၀ | ၁၃။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ" (အပိုင်း-၂၅)** |
| ၇း၃၅ | ၁၄။ | တေးဂီတအစီအစဉ် |
| ၈း၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၄၄)** |
| | ၁၉။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၀။ | အစီအစဉ်ပြီး၏။ |

# မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့ကျင်းပ

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် မေ ၂၅ရက် ည ၇နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသော မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်၏ (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

## တက်ရောက်

အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီဝင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ နှင့်အမှုဆောင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်က အဖွဲ့ချုပ်ပေါ်ပေါက်လာပုံနှင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## ဂုဏ်ပြုလက်ဆောင်ချီးမြှင့်

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဖွဲ့စည်းပြီးသည်မှ ယနေ့အထိ ၁၅နှစ်တာ ကာလအတွင်း အဖွဲ့ချုပ်အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်အား လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် ကျန်ပုဂ္ဂိုလ်ငါးဦးတို့အားလည်းကောင်း အမှတ်တရ ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်ပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌက ဝန်ကြီးအား ဂုဏ်ပြုလက်ဆောင် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌက မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးအားလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်အား လည်းကောင်း၊ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

## ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်သို့ အလှူရှင် ၃၀တို့က စုစုပေါင်းလှူဒါန်းငွေကျပ် ၇၇သိန်းငါးသောင်းကို အလှူရှင်များက တစ်ဦးချင်း ပေးအပ်လှူဒါန်းကြရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်က လက်ခံပြီး အလှူရှင်များကိုယ်စား တုန်းတာကုမ္ပဏီလီမိတက်မှ အမှုဆောင် အရာရှိချုပ် ဦးခင်မောင်လတ်က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းတင်ပြကာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်း၍ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

**အားကစားဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ယှဉ်ပြိုင်လေ့ကျင့်ရေး အတွင်းရေးမှူး ဦးကျော်ဌွေးသိန်းအား ၁၅နှစ် ကာလအတွင်း ဟော်ကီအဖွဲ့ချုပ်အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့၍ အမှတ်တရ ဂုဏ်ပြုလက်ဆောင်ချီးမြှင့်စဉ်။** (အား/ကာ)

# ဝန်ကြီးဗိုလ်ချုပ်ဌေးဦးအား UNDP ဌာနေကိုယ်စားလှယ်နှင့် ပါကစ္စတန်သံအမတ်ကြီး တွေ့ဆုံ

ရန်ကုန် မေ ၂၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ဌာနေကိုယ်စားလှယ် H.E.Mr. Charles James Petrieသည် မေ ၂၆ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာရိပ်သာလမ်းသွယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမဆောင်သို့ သွားရောက်တွေ့ဆုံသည်။

အလားတူ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Muhammad Nawaz Chaudhry သည် မေ ၂၆ရက် ညနေ ၄နာရီတွင် ဝန်ကြီးရုံး ဧည့်ခန်းမဆောင်သို့ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း၊ ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

### ▲ ကျောဖုံးမှ

ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် မွန်းလွဲ ၂နာရီခွဲတွင် လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမသို့ရောက်ရှိလာပြီး ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီးလှအေး၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်း၊ မူးယစ်ဗဟိုမှ တာဝန်ရှိသူများ၊ အထက(၂)လသာ ကျောင်းအုပ်ဆရာမကြီးနှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံးမှ တာဝန်ရှိသူများနှင့်အတူ **"မူးယစ်ဆန့်ကျင်အောင်ပွဲဆင်"**၊ **"စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်"**နှင့် **"မူးယစ်ကင်းစင် အလှဆင်"**ခေါင်းစဉ်များဖြင့် အသက် (၁၀)နှစ်အောက်၊ အသက်(၁၀-၁၅)နှစ်၊ အသက်(၁၅-၂၀)နှစ်နှင့် အသက်(၂၀)နှစ်အထက် အလွတ်တန်းပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးသည်။

## ပါဝင်ယှဉ်ပြိုင်

၂၀၀၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းအဆင့် ကာတွန်းပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၁၁၁ဦး၊ ပန်းချီပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၈၁ဦးနှင့် ပိုစတာ ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၁၀၂ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

**ရန်ကုန်မြို့ အမှတ်(၂၀) ဗောဓိရိပ်သာလမ်း ဗဟန်းမြို့နယ်နေ ဦးတင့်လွင်(ခ)ဦးကြောင်စုံနှင့် ဒေါ်ဆီး(ခ)ဒေါ်ကြင်စွမ် (လွင်နှင့်စွမ်းမိသားစု)တို့၏ နှစ်(၅၀)ပြည့် မင်္ဂလာအထိမ်းအမှတ် အလှူငွေကျပ် ၁၀ သိန်းကို ကမာရွတ်မြို့နယ်(၈)ရပ်ကွက် ဘုရားသုံးဆူ ထေရာရာမကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း အမှတ်(၂)သို့ လှူဒါန်းစဉ်။** (ကြေးမုံ)

## စည်ပင်ညွှန်ချုပ် ပြင်ဦးလွင်မြို့၌ လုပ်ငန်းများစစ်ဆေး

ရန်ကုန် မေ ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် မေ ၂၅ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ ရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ပြင်ဦးလွင်မြို့ ရေပေးဝေရေးစနစ် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး(အင်ဂျင်နီယာ) ဦးခင်မောင်ဌေးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ)ဦးကျော်တို့က ရပ်ကွက်အလိုက်၊ အပိုင်းလိုက် ရေဖြန့်ဝေပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ပြင်ဦးလွင်မြို့နယ် ဆင်လမ်းဆည်မှ ရေသွယ်ယူသည့် ၁၂လက်မ ပိုက်လိုင်းနှင့် နောင်ခမ်းကြီးမှ ၁၀ လက်မ ၆ လက်မပိုက်လိုင်းဆုံရာနေရာ၊ ပန်းခြံရေထွက် ရေတွန်းစက်ရုံနှင့် ဂါလန် ၁၆၀၀၀ဆံ့ ရေလှောင်ကန်နှစ်ကန်တို့ကိုလည်းကောင်း၊ မြို့သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် ခရိုင်ပျိုးဥယျာဉ်၌ ပန်းအလှပင်များ၊ အရိပ်ရပင်များ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

# (၅၈)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံမှ ဝန်ကြီး ဒေါက်တာကျော်မြင့် ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၇

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မေ ၁၆ရက်မှ ၂၅ရက်အထိကျင်းပသည့် (၅၈)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တက်ရောက်ရန် မေ ၁၄ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားခဲ့ပြီး ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra နှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(အပေါ်ပုံ)** (သတင်းစဉ်)

**ပညာရေးဝန်ကြီးဌာန**

**ကျောင်းအပ်နှံရေးသီတင်းပတ်**

**မေလ၏ နောက်ဆုံးသီတင်းပတ်**

**ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး**
**ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး။**

# ပထမအကြိမ် အာရှ–ဥရောပလူငယ်အားကစားပြိုင်ပွဲ(၂၀၀၅)သို့ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ဝင်များအား ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တွေ့ဆုံမှာကြား

ရန်ကုန် မေ ၂၇

**မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့မွန်းလွဲ၂နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ ပတ္တမြားခန်းမ၌ကျင်းပသော ၂၀၀၅ခုနှစ် ဇွန်၂ရက်မှ၈ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပမည့် ပထမအကြိမ်အာရှ–ဥရောပ လူငယ်အားကစားပြိုင်ပွဲ(၂၀၀၅) သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင် ခေါင်းဆောင်သော ဘောလုံး၊ ပြေးခုန်ပစ်၊ ရေကူး၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ ခြင်းလုံး အားကစားနည်းခုနစ်မျိုးမှ အုပ်ချုပ်သူ၊ နည်းပြဆရာနှင့်အားကစားသမား စုစုပေါင်း အားကစားအဖွဲ့ဝင် ၅၀ ပါဝင်သည့် မြန်မာအားကစားအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားသည်။**

ရှေးဦးစွာ အားကစားအဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်ဂါရဝပြုကြပြီး မြန်မာအားကစားအဖွဲ့ ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြနှင့်တာဝန်ရှိသူတို့က အားကစားနည်းအလိုက်ပြိုင်ပွဲအတွက် ကြိုတင် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက နိုင်ငံတော် ဂုဏ်သိက္ခာမြင့်မားရေးနှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် ဖွဲ၊ စိတ်ဓာတ်၊ စည်းကမ်း၊ လေ့ကျင့်မှုအပြည့်အဝဖြင့် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်ခဲ့ကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးက မြန်မာအားကစားအဖွဲ့ခေါင်းဆောင်အား အောင်နိုင်ရေးအလံကိုလည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက ထောက်ပံ့သော အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် မြန်မာအားကစားအဖွဲ့ဝင်များအတွက် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ကလှူဒါန်းသည့် လက်ဆွဲအိတ်များကို အဖွဲ့ချုပ်အတွင်းရေးမှူးက မြန်မာအားကစား အဖွဲ့ခေါင်းဆောင်သို့ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြိုင်ပွဲတွင် အာရှ၂၅နိုင်ငံနှင့် ဥရောပ ၁၃နိုင်ငံတို့မှ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် ပထမအကြိမ် အာရှ–ဥရောပ လူငယ်အားကစားပြိုင်ပွဲ(၂၀၀၅)သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်ထံ အောင်နိုင်ရေးအလံ ပေးအပ်စဉ်။**
(အား/ကာ)

## ဓမ္မသာကစ္ဆာအဖွဲ့ချုပ် ဩဝါဒခံယူပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၇**

ရွှေတိဂုံစေတီတော် (စနေထောင့်) ရွှေတောင်ငွေတောင်တန်ဆောင်း နိကာယ်ငါးရပ်ဝင်ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏ ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်ကြသော မင်းကွန်းတောရသက်တော်ရှည်ဆရာတော်ကြီးနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အောင်မြေဘုံစံ ဆရာတော်ကြီးအမှူးပြုသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ ဩဝါဒါစရိယ ဆရာတော်ကြီးခုနစ်ပါးတို့ထံမှ ဩဝါဒခံယူ၍ အကြိမ်(၃၀)မြောက် ပူဇော်ပွဲကျင်းပခြင်းနှင့် (၂၂)ကြိမ်မြောက် အဘိဓမ္မာ ဂုဏ်ထူးဆောင် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ဇွန် ၁၂ ရက် နံနက်၈နာရီတွင် ရန်ကင်းမြို့နယ် (၁၅)ရပ်ကွက် မာလာမြိုင်လမ်းနှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

## ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ၂၀၀၅ခုနှစ်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များရှင်းလင်း ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၇

**ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ တွေ့ဆုံ၍ ၂၀၀၅ခုနှစ်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရှင်းလင်းခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း တိုင်းကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

### တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်က ၂၀၀၅ ခုနှစ်တွင် ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များဆောင်ရွက်ရေး စီမံချက်ကို ရှင်းလင်းဆွေးနွေးပြီး တွဲဖက် အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်းက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို) (၁၅)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံက ချမှတ်သည့် ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြ သည်။

### ပေးအပ်

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှထောက်ပံ့သည့် ပညာသင်စရိတ်ထောက်ပံ့ကြေးများကို ရန်ကုန်တိုင်းအတွင်းရှိ ကျောင်းများနှင့် တက္ကသိုလ် ကောလိပ်တို့တွင် ပညာသင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း (၁၅)ကြိမ်မြောက်နှစ်ပတ်လည် ညီလာခံတွင် ပါဝင် ကူညီဆောင်ရွက်ခဲ့ကြသော ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဝင်များအား ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ တွေ့ဆုံ၍ ၂၀၀၅ခုနှစ်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## အိန္ဒိယတပ်မတော်ဘောလုံးအသင်းနှင့် ဘော်လီဘောအသင်းရောက်ရှိ

**ရန်ကုန် မေ ၂၇**

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲများ ယှဉ်ပြိုင်ကစားရန် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်မှ Col. VS Kandaki ခေါင်းဆောင်သော အိန္ဒိယ တပ်မတော် ဘောလုံးအသင်းနှင့် ဘော်လီဘောအသင်းတို့မှ အားကစားသမားများသည် ယမန်နေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

အိန္ဒိယတပ်မတော်ဘောလုံးအသင်းနှင့် ဘော်လီဘောအသင်းတို့မှ အားကစားသမားများအား တပ်မတော် အားကစားနှင့်ကာယပညာကော်မတီ ဒုတိယဥက္ကဋ္ဌ၊ တွဲဖက် စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Colonel Jasvinder Singh Chopra နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အိန္ဒိယတပ်မတော် ဘောလုံးအသင်းသည် မေ ၃၀ ရက် ညနေ ၄ နာရီတွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ မြန်မာ့ တပ်မတော် ဘောလုံးအသင်းနှင့် လည်းကောင်း၊ မေ၃၁ရက် ညနေ၄နာရီတွင် အိန္ဒိယတပ်မတော် ဘော်လီဘောအသင်းသည် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဘော်လီဘောအသင်းနှင့် လည်းကောင်း၊ ဇွန်၁ရက် ညနေ၄နာရီတွင် အိန္ဒိယတပ်မတော် ဘောလုံးအသင်းသည် အောင်ဆန်းအားကစားပြိုင်ကွင်း၌ မြန်မာ့တပ်မတော် ဘောလုံးအသင်းနှင့် လည်းကောင်း ချစ်ကြည်ရေးပြိုင်ပွဲများကို အသီးသီး ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (သတင်းစဉ်)

**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့**

**၂၀၀၅ခုနှစ်၊ မေလ (၂၄)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၇၅၇၈)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

# ရှင်သာမဏေ အပါး ၂၇၀ ရှင်ပြုပွဲကျင်းပ

**ရန်ကုန် မေ ၂၇**

စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိသီတဂူ ဆရာတော် အရှင်ဉာဏိဿရ (D.Litt) နှင့် တိပိဋကပါဠိပါရဂူ၊ ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသနှင့် နှစ်ဖက်သော မိဘများအား အမှူးထား၍ ဒဂုံမြို့သစ် (တောင်ပိုင်း)နေ အလှူရှင် ဦးနိုင်ဦး(မိဘရိပ်) - ဒေါ်အေးသိန်း မိသားစုတို့က သားရတနာသုံးဦးနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၇၀)၊ (၇၁)၊ (၇၂)၊ (၁၀၄)၊ (၁၀၅)၊ (၁၀၆)၊ (၁၀၇)ရပ်ကွက်များမှ ရှင်သာမဏေ မပြုရသေးသော ရှင်သာမဏေလောင်းအပါး ၂၇၀တို့အား ပဗ္ဗဇ္ဇ အမွေရှင်သာမဏေအဖြစ် သွတ်သွင်းပွဲ ရှင်ပြုမင်္ဂလာအခမ်းအနားကို မေ ၂၅ရက် နံနက် ၆နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၂၅)ရပ်ကွက် ပုလဲရတနာလမ်းရှိ နိကာယ စာသင်တိုက်ကြီး၌ကျင်းပရာ အလှူဒါယကာ၊ ဒါယိကာမများ၊ ရှင်သာမဏေလောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြည်ညိုကြပြီး နိကာယ်စာသင်တိုက်ကြီး၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသက ရှင်သာမဏေလောင်းများအား ရှင်သာမဏေအဖြစ် သွတ်သွင်းပေးတော်မူသည်။**(အပေါ်ဝဲပုံ)**

အဆိုပါ အလှူရှင်မိသားစုများက ဒဂုံနိကာယ်စာသင်တိုက်ရှိ သံဃာတော်များနှင့် ရှင်သာမဏေများအား ခုနစ်ရက်တိုင်တိုင် အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ခဲဖွယ်ဘောဇဉ်များ လှူဒါန်းမည်ဖြစ်သည်။ (က-ပ)

# ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စံပယ်ရာ လင်ကွမ်ကျောင်း ကျောင်းထိုင်ဆရာတော် ရန်ကုန်မြို့သို့ ကြွရောက်တော်မူ

**ရန်ကုန် မေ ၂၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာအသင်း၏ Vice President in Executive ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စံပယ်ရာ လင်ကွမ်ကျောင်း ကျောင်းထိုင်ဆရာတော် The Most. Ven. Master Sheng Hui ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ကြွရောက်တော်မူလာကြရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)



## ကြိုဆိုနှုတ်ဆက်

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာအသင်း၏ Vice President in Executive ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စံပယ်ရာ လင်ကွမ်ကျောင်း ကျောင်းထိုင်ဆရာတော် The Most. Ven. Master Sheng Hui ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဂျိနီဗာသို့ ထွက်ခွာ

**ရန်ကုန် မေ ၂၇**

ဆွစ်ဇာလန်နိုင်ငံ ဂျိနီဗာမြို့၌ မေ ၂၉ရက်မှ ဇွန် ၈ရက်ထိ ကျင်းပမည့် အမျိုးသား ကြက်ခြေနီအသင်းများ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များဆိုင်ရာ ဆွေးနွေးပွဲနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့၏ အလုပ်သဘော ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာလှမြင့်သည် ယနေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှတာဝန်ရှိသူများနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

## ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၂၇**

၂၀၀၅ ခုနှစ် ဇူလိုင် ၁၁ရက်တွင် ကျရောက်မည့် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရေးအတွက် ကမ္ဘာ့လူဦးရေနေ့ကျင်းပရေး ကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီက အမှာစကားပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူ များက အကြံပြုဆွေးနွေးကြသည်။

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အဖြစ် ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ပြီး ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ အင်္ဂလိပ်ဘာသာဖြင့် "Equality" ဖြစ်ပြီး မြန်မာဘာသာဖြင့် **"အမျိုးသမီးများ အရေးပါမှု အလေးထား၊ ကမ္ဘာမြေ ဖွံ့ဖြိုးမှုအတွက် စွမ်းဆောင်အား"** ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

## ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ရန်ကုန် မေ ၂၇**

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် ပေပင်ချောင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ဆောက်လုပ်ပြီးစီးသွားသည့် ပြည်လုံးချမ်းသာ ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မေ ၁၃ရက် နံနက် ၉နာရီတွင် အဆိုပါ ကျောင်းဆောင်သစ်၌ ကျင်းပရာ ရှေးဦးစွာ စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်မောင်မောင်နှင့် ဟွန်ဒါမြန်မာကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ပြည်မြန်မာသီချင်းကို သီဆိုကြပြီး ရဲမှူးကြီး တင်မောင်မောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဟွန်ဒါမြန်မာ ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စစ်ကိုင်းတိုင်း လက်ထောက်တိုင်းပညာရေးမှူး ဦးဘလင်းက ကျေးဇူးတင်စကား ပြောကြားသည်။

### ကျေးဇူးတင်စကားပြောကြား

ထို့နောက် ဟွန်ဒါမြန်မာ ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပညာရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်ထံ လွှဲပြောင်းပေးအပ်ပြီး ပေပင်ချောင် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

### အကုန်ကျခံဆောက်လုပ်

ပြည်လုံးချမ်းသာ ကျောင်းဆောင်သစ်မှာ နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ဟွန်ဒါမြန်မာ ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၆၀နှင့် ဒေသခံပြည်သူများက ငွေကျပ် ၁၄၈၅၀၄၄၀ အကုန်ကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

## သွေးလှူဒါန်းနိုင်

**ရန်ကုန် မေ ၂၇**

ဆေးရုံအသီးသီးရှိ ဝေဒနာရှင်များအား မေတ္တာသွေးစက်ဖြင့် အသက်ကယ်နိုင်ရန် မေတ္တာဗျူဟာ အဖွဲ့က ကြီးမှူး၍ (၈၈)ကြိမ်မြောက် ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီ မေတ္တာသွေးလှူဒါန်းပွဲကို ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းဓမ္မာရုံကြီး၌ ဇွန် ၅ရက် နံနက် ၈နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ သွေးလှူဒါန်းလိုသူများ လာရောက် လှူဒါန်းနိုင်ကြသည်။ (သတင်းစဉ်)

## တစ်ချက်တည်းဖြင့် ကျင်းဝင်

**ရန်ကုန် မေ ၂၇**

ဦးအောင်အောင်ဝင်းသည် ကစားဖော်များဖြစ်ကြသော ဦးအိုက်ခင်၊ ဦးမျိုးမြင့်၊ ဦးဝင်းကြည်တို့နှင့်အတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ မေ ၂၅ရက် နံနက်ပိုင်းတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၆)၌ (၁၃၃)ကိုက်အကွာမှ Tour-Special ဘောလုံးကို Iron (P) Honma တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (သတင်းစဉ်)

**ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ကြေးငွေပေးအပ်ပွဲကို မေ ၂၇ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်က ပညာသင်စရိတ် ကျပ် ၁၀၄၀၀၀ကို ဝန်ထမ်းများကိုယ်စား ဦးစီးအရာရှိ ဒေါ်တင်တင်နွဲ့သို့ ပေးအပ်စဉ်။** (၆၁)

## ဥကပ်နေသောရေချိုပုစွန်တုပ်ကြီးများမဖမ်းရန် ပညာပေးနှိုးဆော်ချက် (၂/၉၇)

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများ သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ၎င်းတို့မှ မကြာမီ ထောင်ပေါင်းများစွာသော ပုစွန်များလည်း ပေါက်ပွားလာတော့မည်ဖြစ်ပါသည်။

အကယ်၍ အဆိုပါဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ ပုစွန်သားလောင်းများ မပေါက်ပွားနိုင်တော့ဘဲ မျိုးပြုန်းတီးရာလည်း ရောက်စေပါသည်။ ရေချိုပုစွန်များ ပေါများကြွယ်ဝလာစေရန် ယခုကဲ့သို့ ဥကပ်နေသောရာသီချိန်တွင်ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးမှသာ ထုတ်လုပ်မှုအား မြင့်မားလာပြီး အမျိုးသားစီးပွားရေး ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

ဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအားဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများမပြုလုပ်ရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁/၉၂ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၂၊ ၄၄၊ ၄၅ ပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆို အရေး ယူခြင်း ခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန် ယခုကဲ့သို့သော ဥကပ်ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ နေရာတိုင်းတွင် ဘေးမဲ့ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန။**

# ယင်းမာပင်မြို့နယ်အတွင်း နွေသီးနှံ စိုက်ပျိုးထားမှုနှင့် ပုလဲ-ဂန့်ဂေါလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မှု တိုင်းမှူး ဗိုလ်ချုပ်သာအေး ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၇

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၀ရက် နံနက်ပိုင်းတွင် ယင်းမာပင်မြို့နယ် လယ်ဒေါက်ကျေးရွာ၌ နွေစပါး၊ နွေနှမ်းနှင့်ပဲမျိုးစုံစိုက်ပျိုးထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် တိုင်းမှူးသည် ပုလဲ-ဂန့်ဂေါလမ်းတစ်လျှောက် လမ်းအဆင့်မြှင့် ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ၄၉ မိုင်ရှိ မြစ်ကျတံတား တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ပုလဲ-ဂန့်ဂေါလမ်း ၅၅ မိုင်လမ်းစခန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းအပိုင်းအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို အသီးသီးရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လမ်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်၍ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လေလွင့်ဆုံးရှုံးမှု မရှိစေရေး ဂရုပြု ကြီးပမ်းဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး၍ လမ်းလုပ်ငန်း ဆောင်ရွက်နေသော စစ်သည်များအတွက် စားသောက်ဖွယ်ရာများနှင့် သတင်းစာ၊ ဂျာနယ်၊ စာစောင်များထောက်ပံ့ပေးအပ်သည်။

**ညှိနှိုင်းဆောင်ရွက်**

ထိုမှတစ်ဆင့် တိုင်းမှူးသည် ယင်းမာပင်မြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝင်းသုဇာအရောင်းဆိုင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်း လိုအပ်ချက်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

# ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ ကျင်းပ

**အမရပူရ မေ ၂၄**

မန္တလေးတိုင်း အမရပူရမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီအဖွဲ့တို့ ပူးပေါင်း၍ ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပညာပေး ဟောပြောပွဲ အခမ်းအနားကို မေ ၂၁ ရက် နံနက် ၁၁ နာရီတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လှလှဋ္ဌေးက ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ ပြုလုပ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။**(အောက်ပုံ)**

**ပညာပေး**

ဆက်လက်၍ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်သီတာဝင်းက ဆေးလိပ်သောက်သုံးခြင်းဖြင့် ရရှိလာနိုင်မည့် တီဘီရောဂါ၊ နှလုံး သွေးကြောပိတ်ရောဂါ၊ အစာအိမ်ရောဂါနှင့် အဆုတ်ကင်ဆာ ရောဂါများ မဖြစ်ပွား စေရန် ဆေးလိပ်သောက်သုံးခြင်းကို လုံးဝရှောင်ကြဉ်သင့်ကြောင်း ပညာပေး ဟောပြောသည်။

**သွန်းလောင်း**

ထို့နောက် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်မြမြဝင်းက ကဆုန်လပြည့် (ဗုဒ္ဓနေ့) အကြောင်း သိကောင်းစရာများကို ဟောပြောပြီး ရွှေကြက်ယက်ညောင်ရေသွန်းပွဲတော်သို့ သွားရောက်ကြပြီး ညောင်ရေသွန်းလောင်းကြသည်။ (၄၃၃)

# မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရဟန်းခံရှင်ပြု သီလရှင်ဝတ် အလှူမင်္ဂလာကျင်းပ

**မန္တလေး မေ ၂၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ပထမအကြိမ် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ အခမ်းအနားကို မေ ၁၉ ရက်နံနက် ၉နာရီတွင် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။

အလှူတော်မင်္ဂလာအခမ်းအနားတွင် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဇနီး ဒေါ်မိုးသီတာ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ ဝန်ထမ်းမိသားစုများက နိုင်ငံတော် သြဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မဟာ ဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်း ဆရာတော်ဘဒ္ဒန္တ အဂ္ဂိယ အမှူးပြုသော ပင်သံဃာတော် ၃၁ ပါး နှင့် စည်ပင် သာယာဝန်ထမ်းရဟန်း ၆ ပါးတို့အား သိမ်ဆင်းလှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌ ဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်း ဆရာတော် ဘဒ္ဒန္တအဂ္ဂိယအရှင်သူမြတ် က သြဝါဒကထာ ချီးမြှင့်တော်မူသည်။

ထို့နောက် မြို့တော်ဝန်အမှူးပြုသော ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး **(အပေါ်ပုံ)** နိုင်ငံတော်သံဃနာယက အဖွဲ့ သြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မိုးထိကျောင်းဆရာတော် ဘဒ္ဒန္တဉာဏဓမ္မ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

မန္တလေးမြို့တော် စည်ပင်သာယာ ရေးကော်မတီ၏ ပထမအကြိမ် စုပေါင်း ရဟန်းခံ၊ ရှင်ပြုနှင့် သီလရှင်ဝတ် အလှူတော်မင်္ဂလာ အခမ်းအနားတွင် ရဟန်း ၆ပါး၊ ရှင်သာမဏေ ၄၉ ပါးနှင့် သီလရှင်အပါး ၃၀ တို့အား သာသနာ့ဘောင်သို့ သွတ်သွင်းပေးခဲ့သည်။ **(မြို့တော်စည်ပင်)**

**မေ ၃ ရက်က ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအုပ်စု ထင်ရှူးကုန်းကျေးရွာ အဝင်လမ်းအား အရှည်ပေ ၃၃၄၀၊ အကျယ် ၁၂ ပေ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောဘီဒိနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်မြင့်နိုင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (နယ်စပ်စည်ပင်)

**တာဝန်ပေးအပ်**

**၂၀၀၅-၂၀၀၆ ခုနှစ် မြင်းခြံမြို့နယ် စီမံကိန်းသီးနှံများ စိုက်ပျိုးရန် တာဝန် ပေးအပ်ပွဲကို မေ ၂၅ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေး ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးညိုညိုသိန်းက ကျေးရွာ အုပ်စု ၈၅ အုပ်စုမှ ရှေ့တန်းအဖွဲ့ ခေါင်းဆောင်များအား စီမံကိန်း သီးနှံများ စိုက်ပျိုးရန် တာဝန် ပေးအပ်စဉ်။** (၁၁၄)

# မကွေး ဆေးတက္ကသိုလ် ကျောင်းသားကျောင်းသူများ မိခင်နှင့်ကလေး စောင့်ရှောက်ရေးလုပ်ငန်း လေ့လာ

**ကျောက်မဲ မေ ၂၄**

မကွေးဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း(က) ကျောင်းသား၊ ကျောင်းသူများ၏ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း လုပ်ငန်း ဆောင်ရွက်မှုများအား လေ့လာရေး အစီအစဉ်အရ မေ ၁၄ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ (၈)ရပ်ကွက် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းခွဲ၌ ကျင်းပရာ ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြင့်ဦးက နှုတ်ခွန်း ဆက်စကားပြောကြားသည်။

**ရှင်းလင်း**

ဆက်လက်ပြီး (၈)ရပ်ကွက် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းခွဲ ဥက္ကဋ္ဌ ဒေါ်ညိုညိုက ရပ်ကွက်အတွင်း လုပ်ငန်း လုပ်ဆောင်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မကွေးဆေးတက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း(က) ကျောင်းသား၊ ကျောင်းသူများက မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၏ လက်တွေ့ ဆောင်ရွက်မှုများကို လေ့လာကြသည်။ (မြို့နယ်ပြန်/ဆက်)

# အခြေးဗစ်သင်တန်းဖွင့်

**ညောင်ဦး မေ ၂၃**

ညောင်ဦးခရိုင် အမျိုးသမီးရေးရာ အဖွဲ့က ကြီးမှူး၍ အခြေးဗစ်သင်တန်း အမှတ်စဉ်(၁/၂၀၀၅)ဖွင့်ပွဲကို မေ ၁၈ ရက်တွင် မြို့နယ်အခြေ့ရာတ အစည်း အဝေးခန်းမတွင် ကျင်းပရာ ခရိုင်အမျိုး သမီးရေးရာအဖွဲ့နာယက ဒေါ်အေးအေး က သင်တန်းဖွင့် အမှာစကားပြောကြား သည်။ ဆက်လက်၍ ခရိုင်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်တင်တင်မြင့်တို့က သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဖွင့်ပွဲသို့ ခရိုင်/မြို့နယ် အမျိုးသမီး ရေးရာအဖွဲ့ဝင်များ၊ သင်တန်းသူများ တက်ရောက်ကြသည်။ (၉၁)

# စုပေါင်းဆောင်ရွက်

**ညောင်ရွှေမြို့ မြို့မ မင်္ဂလာဈေး အတွင်းအပြင် သန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် မေ ၇ ရက် နံနက်က ညောင်ရွှေ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝိုးမြင့်၊ တာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်တိုးတို့ ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ၊ ဈေး အကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးသူ၊ ဈေးသားများ စုပေါင်း၍ ဆောင်ရွက် ကြစဉ်။** (နယ်စပ်စည်ပင်)

✳ ရှေ့ဖုံးမှ

# နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံ၍ မိတ်ဆွေရင်းချာ ရင်းနှီးမှုကို ထိန်းသိမ်းနိုင်ခဲ့

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်ထံသို့ ပေးပို့သည့် သဝဏ်လွှာ–**

**အဆွေတော်**

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်မှု နှစ်(၃၀)ပြည့် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရကိုယ်စား လည်းကောင်း၊ ကျွန်ုပ်အနေဖြင့်လည်းကောင်း အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အစိုးရထံသို့ လှိုက်လှဲစွာနှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများ ပို့သလိုက်ပါသည်။

လွန်ခဲ့သည့် နှစ်(၃၀)က သံတမန်ဆက်သွယ်မှုစတင်ခဲ့ပြီးနောက်ပိုင်း နှစ်နိုင်ငံအကြား အပြန်အလှန် နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံ၍ နှစ်နိုင်ငံ မိတ်ဆွေရင်းချာရင်းနှီးမှုကို ထိန်းသိမ်း နိုင်ခဲ့ကြပါသည်။

နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အချင်းချင်းဖြစ်စေ၊ အဆင့်အသီးသီးတွင်ဖြစ်စေ အပြန်အလှန် လည်ပတ်ခြင်းအားဖြင့်လည်းကောင်း၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် အခြားအကျိုးတူ နယ်ပယ်များတွင် တန်းတူညီမျှရေးနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းအားဖြင့်လည်းကောင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ပိုမိုခိုင်မြဲစေရန် လက်တွဲ ကြိုးပမ်း ဆောင်ရွက်သွားပါမည်။

လက်ရှိ နှစ်နိုင်ငံခေါင်းဆောင်ကြီးများ ပြုစုပျိုးထောင်ထိန်းသိမ်းခဲ့သော မိတ်ဆွေရင်းချာ ခင်မင်မှုများသည် နောင်လာမည့်နှစ်များတွင် ပိုမိုတိုးတက်ခိုင်မာလာမည်ဟု ယုံကြည်ပါသည်။

# အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် မြောက်မြားစွာသော ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်ခဲ့ခြင်းအတွက် ဝမ်းမြောက်

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်ထံမှ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ ပေးပို့သည့် သဝဏ်လွှာ–**

**အဆွေတော်**

ဗီယက်နမ်–မြန်မာ သံတမန်ဆက်သွယ်မှု နှစ်(၃၀)ပြည့်မြောက်သည့် အခါသမယတွင် ဗီယက်နမ် အစိုးရကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဝမ်းမြောက်ဝမ်းသာကြောင်း နှုတ်ခွန်းဆက်သပါသည်။

လွန်ခဲ့သော နှစ်ပေါင်း (၃၀)အတွင်း နှစ်နိုင်ငံအကြား အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုများနှင့် မြောက်မြားစွာသော ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်ခဲ့ခြင်းအတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။

နှစ်နိုင်ငံပြည်သူများ အကျိုးစီးပွားနှင့် ငြိမ်းချမ်းရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ ကမ္ဘာနှင့်ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံဘောင်အတွင်းမှလည်းကောင်း၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာ အဖွဲ့အစည်း များဘောင်အတွင်းမှ လည်းကောင်း၊နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများဖြင့်လည်းကောင်း ရှိပြီးဆက်ဆံ ရေးကို နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပိုမိုမြှင့်တင်နိုင်လိမ့်မည်ဟု စွဲမြဲစွာ ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✪

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းအဆင့် ကာတွန်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေး

**ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ၂၀၀၅ ခုနှစ် အပြည်ပြည် ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းအဆင့် ကာတွန်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူး၍ ၂၀၀၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းအဆင့် ကာတွန်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း လသာ မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြည်ီလာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▲

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

**ခေါင်းကြီး၊ ဆောင်းပါး အညွှန်း**

- *နိုင်ငံတော်အစိုးရက နိုင်ငံနှင့်လူမျိုး ဂုဏ်သိက္ခာ ထာဝရမြင့်မားနေစေရန် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးလျက်ရှိသည်။*
  ခေါင်းကြီး(စာမျက်နှာ–၂)
- *ကချင်ပြည်နယ်တွင် မြို့နှင့်ကျေးရွာ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရာတွင် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် မိုးလဲချောင်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းလည်း ပါဝင်ပါသည်။*
  ပြင်ဦးလွင်ချစ်ဆွေ၏ **"ကချင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်လာသော လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ"** ဆောင်းပါး(စာမျက်နှာ–၆)